မန္တလေး နေ့စဉ်
The Mandalay Daily
၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၂၁၀)၊ ၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်၊ ၅-၇-၂၀၂၅၊ စနေနေ့။

## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ခရေပျိုးပင်အား ဦးဆောင်စိုက်ပျိုးပေး

နေပြည်တော် ဇူလိုင် ၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကြိုးဝိုင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ခရေပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ Naypyitaw State Academy၊ Naypyitaw State Polytechnic University၊

စာမျက်နှာ ၃ သို့ ❏



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ခရေပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၄

**နောက် ၂ ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

၂၀၂၅ ခုနှစ် ၊ ဇူလိုင် ၅ ရက်၊ စနေနေ့။

## သမဝါယမစနစ် ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရမည်

၂၀၂၅ ခုနှစ်၊ ဇူလိုင် ၅ ရက်သည် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ဖြစ်သည်။ အများအကျိုးကို တစ်ဦးစီက ဆောင်ရွက်ပြီး တစ်ဦးစီအတွက် အများက ဆောင်ရွက်ရသည့် သမဝါယမစနစ်သည် ပြည်သူများနှင့်ကိုက်ညီသော စနစ်ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းရှိ သမဝါယမများ၏ စိတ်ဓာတ်နှင့် အောင်မြင်မှုများကို ဂုဏ်ပြုသည့် အရေးကြီးသော အခါသမယလည်းဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ပြက္ခဒိန်နှစ်၏ ဇူလိုင်လ ပထမပတ် စနေနေ့ဟု သတ်မှတ်ထားရှိသည်။

သမဝါယမအသင်းအချင်းချင်း စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ရန်၊ ကမ္ဘာပေါ်ရှိ သမဝါယမအဖွဲ့အစည်းဝင်အားလုံး စီးပွားရေးနှင့်လူမှုရေး မြင့်မားတိုးတက်လာစေရန်၊ သမဝါယမအနှစ်သာရများ သမဝါယမ စိတ်ဓာတ်များကို အဖွဲ့အစည်းဝင်အားလုံး ကောင်းစွာသဘောပေါက်နားလည်ပြီး နလုံးသားတွင် စွဲမြဲကိန်းအောင်းရေးအတွက် နည်းမျိုးစုံဖြင့် ပညာပေးရန် ရည်ရွယ်ချက်များထားရှိကာ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ကျင်းပခြင်းဖြစ်သည်။

သမဝါယမဆိုသည့်စကားရပ် မြန်မာနိုင်ငံသို့ စတင်ရောက်ရှိလာသည်မှာ ၁၉၀၄ ခုနှစ် "သမဝါယမ ငွေစုငွေချေးအသင်းများဆိုင်ရာ အက်ဥပဒေ"အရ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့တွင် ၁၉၀၅ ခုနှစ်၊ ဇန်နဝါရီလ ၃ရက်နေ့က ပထမဦးဆုံး သမဝါယမငွေစုငွေချေးအသင်းကို ဖွဲ့စည်းတည်ထောင်ခဲ့သည်မှ စတင်ခဲ့ခြင်းဖြစ်၍ နှစ်ပေါင်းတစ်ရာကျော်ခဲ့ပြီ ဖြစ်သည်။

သမဝါယမသည် ပြောင်းလဲနေသော အချိန်နှင့်လိုက်လျောညီထွေဖြစ်အောင် ဆန်းသစ်တီထွင်နိုင်စွမ်းကို ပြသခဲ့သည်။ သမဝါယမကို ပိုမိုရေရှည်တည်တံ့ပြီး အားလုံးပါဝင်နိုင်သော စီးပွားရေးကိုတည်ဆောက်ရာတွင် တန်ဖိုးရှိသောအရာတစ်ခုလည်းဖြစ်သည်။ အသင်းသားများ၏ လူမှုစီးပွားရေးလိုအပ်ချက်များကို ဖြည့်ဆည်းရန် သမဝါယမအသင်းများ ဖွဲ့စည်းလုပ်ကိုင်ခြင်းများကို ခေတ်အဆက်ဆက် ဖြတ်သန်းလုပ်ဆောင်ခဲ့ရာမှာ ယနေ့ဆိုလျှင် (၁၀၁) နှစ်မြောက် ကာလသို့ပင် ရောက်ရှိနေပြီဖြစ်သည်။ ယခင်က "သမဝါယမဆိုတာ သိလားဟုမေးလျှင် ဆန်၊ ဆီ၊ ဆပ်ပြာ ခွဲတမ်းပေးတဲ့စနစ်"လို့သာ သိခဲ့နားလည်ခဲ့ကြသည်။ ယနေ့ခေတ်တွင် သမဝါယမဆိုတာ သိလားဟု မေးလိုက်လျှင် အများစုကတော့ ဖြေကြမည် "ငွေချေးတဲ့ အဖွဲ့လေ"ဟုသာ အဆိုပါ ပုဂ္ဂိုလ်များက သမဝါယမဆိုတာ ဌာနလား၊ အသင်းလား ကွဲကွဲပြားပြား မသိကြပါ။ ယနေ့ခေတ် အရွယ်ရောက်ပြီးသူ အများစု သမဝါယမအသင်း၊ သမဝါယမအသင်းသား၊ သမဝါယမလုပ်ငန်းအသီးသီးနှင့် တိုက်ရိုက်၍သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပတ်သက်ခဲ့ကြသူများ ဖြစ်သည်။

လူမှုကိစ္စဆိုသည်မှာ တစ်ဦးတစ်ယောက်တည်း လုပ်ဆောင်၍ရသောကိစ္စရှိသလို၊ အများနှင့်စုပေါင်းလုပ်ဆောင်မှ ရရှိသော ကိစ္စလည်းရှိသည်။ တစ်ဦးတည်း လုပ်၍မရသော လုပ်ငန်းများကို စုပေါင်းလုပ်ဆောင်၍ အကျိုးစီးပွားအပေါ် မျှဝေခံစားကြခြင်းသည် သမဝါယမစနစ်၏ အခြေခံဖြစ်သည်။

ယခုအခါ စုပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုရလိုသူများနှင့် အများအကျိုးသယ်ပိုးလိုသူများအတွက် အသင်းသားများအဖြစ်ပါဝင်ပြီး သမဝါယမအသင်းဖွဲ့စည်းထူထောင်ခွင့် ရှိနေပြီဖြစ်ရာ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့မှသည် လူများစုကောင်းစားရေး အသွင်လက္ခဏာဖြစ်သည့် သမဝါယမစနစ်ကို ယခုထက် ပိုမိုတိုးတက်ကောင်းမွန်အောင် ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်သွားရမှာဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ပုသိမ်ကြီးမြို့နယ်အတွင်း လျော်ကြေးသင့်နေအိမ်များအား သွားရောက်ကြည့်ရှုစစ်ဆေး



**ပုသိမ်ကြီး ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်နှင့်တာဝန်ရှိသူများသည် မန္တလေးလျှော်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပုသိမ်ကြီးမြို့နယ်အတွင်းရှိ လျော်ကြေးသင့်ပြည်သူများနှင့် တွေ့ဆုံကာ နေအိမ်ပျက်စီးမှုများအား ယနေ့မွန်းလွဲပိုင်းက လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

နိုင်ငံတော်မှ လျော်ကြေးသင့်ပြည်သူများအား ပြန်လည်ထူထောင်ရေးအနေဖြင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သည့် နေအိမ်အဆောက်အအုံများအလိုက် ထောက်ပံ့ငွေများ၊ ပစ္စည်းများလက်ဝယ်အရောက်ပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီးနှင့် မြို့နယ်တာဝန်ရှိသူများသည် မြို့မရပ်ကွက်ရှိ အလုံးစုံပျက်စီးခဲ့သည့် အဆောက်အအုံများ၊ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် အဆောက်အအုံများ၊ လျော်ဒဏ်ခံစားခဲ့ရသည့် ပြည်သူများ၏ နေအိမ်များသို့ သွားရောက်ကာ ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

တိုင်းဒေသကြီး ဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးလျှော်ကြီးကြောင့် အမှန်တကယ် ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များရှိ ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ လိုအပ်သည့်အချက်အလက်များရရှိရေးနှင့် တိုက်ဆိုင်စစ်ဆေးမှုများရယူကာ နိုင်ငံတော်မှထောက်ပံ့မည့် ထောက်ပံ့ငွေများအား ပြည်သူများရရှိစေရေးအတွက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားခဲ့ကြောင်းသိရသည်။

(အပေါ်ပုံ)

(ဝ၉၅)

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ



**မန္တလေး ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ့ရပ်ကွက်၊ ၂၇ လမ်း ၇၁ လမ်းနှင့် ၇၂ လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ ၇၃ လမ်း၊ ၁၀၇ လမ်းနှင့် ၁၀၈လမ်းကြား၊ MIIT ကျောင်းရှေ့တို့တွင် ရောင်းချပေးခဲ့သည်။ (ဝဲပုံ)

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဇူလိုင် ၅ ရက်တွင် မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ ၆၈ လမ်းနှင့် ၄၁ လမ်းထောင့်၊ မွှာရုံရှေ့၊ အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ ထန်းတပင်ရပ်၊ လမ်းငါးခွဲမွှာရုံ၊ စစ်ကိုင်း-မန္တလေးလမ်း အရှေ့ဘက်တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**

## Mobile Phone ဖြင့် ဗီဒီယိုတည်းဖြတ်နည်းသင်တန်း ဖွင့်လှစ်သင်ကြား



**မန္တလေး ဇူလိုင် ၄**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Center အစည်းအဝေးခန်းမတွင် Mobile Phone ဖြင့် ဗီဒီယိုတည်းဖြတ်နည်းသင်တန်းကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီတွင် ဖွင့်လှစ်သင်ကြားခဲ့သည်။

Mobile Phone ဖြင့် ဗီဒီယိုတည်းဖြတ်နည်းသင်တန်းကို ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က သင်ကြားပို့ချခဲ့ပြီး သင်ကြားရာတွင် ဗီဒီယိုတည်းဖြတ်နည်းများ၊ ဗီဒီယိုတည်းဖြတ်ရာတွင် အသုံးပြုရသည့် Tool များကို Power Point Software ဖြင့် စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့သည်။

"ကျွန်တော်တို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှာ ပုံပြောပြိုင်ပွဲများ၊ ကဗျာရွတ်ခြင်းအစီအစဉ်များ၊ အသိပညာပေး Talk Show ဆွေးနွေးပွဲများ၊ Movie သတင်းများ ပြုလုပ်ရာတွင် စနစ်တကျတည်းဖြတ်နိုင်ရန်အတွက် သင်ကြားဖွင့်လှစ်ခြင်းဖြစ်ကြောင်း" ဦးထွန်းထွန်းနိုင်က ပြောကြားသည်။

Mobile Phone ဖြင့် ဗီဒီယိုတည်းဖြတ်နည်းသင်တန်းကို ဇူလိုင် ၃ ရက် မှ ဇူလိုင် ၄ ရက်အထိ သင်ကြားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ချမ်းမြေ့မောင်

### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက် သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper@gmail.com မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ (မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

## "သစ်ပင်စိုက်ပျိုးခြင်းသည် ဇရပ်တန်ဆောင်း၊ ဂူကျောင်း ပြာသာဒ် ဆောက်လုပ်လှူဒါန်းခြင်းနှင့် အခြားထာဝရကုသိုလ်များကဲ့သို့ တူညီသည့်ကုသိုလ်ကို ရရှိခံစားနိုင်ပြီး အသက်ရှည်ကျန်းမာသည့် ကုသိုလ်အကျိုးထူးတို့ကိုလည်း ရရှိနိုင်မည်ဖြစ်သည့် ထာဝရကုသိုလ်ပင်ဖြစ်"

❑ ရွှေဖုံးမှ

အစိုးရ စက်မှုလက်မှုသိပ္ပံ(နေပြည်တော်)၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်တို့မှ ဆရာဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကား ပြောကြားရာတွင် ရာသီဥတုမျှတစေရန်၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ပြီး ဂေဟစနစ်ကောင်းမွန်စေရန်၊ နောင်အနာဂတ်မျိုးဆက်သစ်များအတွက် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင် အမွေအနှစ်ကောင်းများ ပေးစွမ်းနိုင်စေရန်နှင့် သစ်ပင်သစ်တောများ၏ စစ်မှန်သည့် တန်ဖိုးကို သိရှိနားလည်ပြီး သစ်ပင်စိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများတွင် လူတိုင်း ပူးပေါင်းပါဝင်လာစေရန်ရည်ရွယ်ပြီး နှစ်စဉ် မိုးရာသီကာလများတွင် သစ်ပင်စိုက်ပျိုးပွဲတော်များကို နိုင်ငံတော်က ဦးစီးဦးဆောင်လုပ်ပြီး နိုင်ငံနှင့်တစ်ဝန်းကျင်းပ ပြုလုပ်လျက်ရှိကြောင်း၊ ယနေ့ပြုလုပ်သည့် ၂၀၂၅ ခုနှစ်အတွက် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရာသီအလိုက် ရောင်စုံပန်းများဖူးပွင့်သည့် သစ်မျိုး ၁၈ မျိုး၊ သစ်ပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ဇွန်လ ၁၅ ရက်တွင်လည်း ရန်အောင်မြင်ကြိုးဝိုင်းအတွင်း၌ ပထမအကြိမ်အဖြစ် သစ်မျိုး ၁၆ မျိုး၊ သစ်ပင်ပေါင်း ၃၀၀၀ ကိုစိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း။

### သဘာဝရင်းနှီးမြှုပ်နှံမှု

သစ်ပင်များသည် ကမ္ဘာမြေကြီးနှင့် လူသားများအတွက် များပြားလှသည့် အကျိုးကျေးဇူးများကို ပေးစွမ်းလျက်ရှိသည်မှာ အားလုံးအသိပင် ဖြစ်ကြောင်း၊ သုတေသနပညာရှင်များ၏လေ့လာမှုအရ သစ်ပင်များရှိသည့် စိမ်းလန်းစိုပြည်နေသည့် ပတ်ဝန်းကျင်တို့သည် စိတ်ဖိစီးမှုကိုလျှော့ချပေးပြီး စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကို တိုးတက်စေနိုင်သည်ဟုဆိုကြောင်း၊ သစ်ပင်များနှင့်ပြည့်နေသည့် ပန်းခြံများ၊ လမ်းမများ၊ ကျေးလက်နှင့် မြို့ပြများသည် လမ်းလျှောက်ရန်၊ အပန်းဖြေရန်၊ အရိပ်ရရန်တို့အပြင် အေးချမ်းသည့် သဘာဝအလှနှင့်ထိတွေ့ခြင်းအားဖြင့် လူသားများ၏ ကျန်းမာရေးဆိုင်ရာကောင်းကျိုးများ ဖြစ်ထွန်းစေကြောင်း၊ ထို့ကြောင့် သစ်ပင်စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် နိုင်ငံတော်၏ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်သစ်များအတွက် အလွန်အရေးကြီးပြီး အကျိုးကျေးဇူးကြီးမားစေသည့် သဘာဝရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ကြောင်း။

သစ်ပင်စိုက်ပျိုးခြင်းဟူသည် မှာရိုးရှင်းသည့် သာမန်လုပ်ငန်းစဉ်တစ်ခုဖြစ်သော်လည်း ရေရှည်အတွက် ကြီးမားသည့်အကျိုးကျေးဇူးများကို ရရှိစေနိုင်ကြောင်း၊ သစ်ပင်တစ်ပင်စိုက်ပျိုးလိုက်သည့်အခါ အဆိုပါသစ်ပင်ကြီး ရှင်သန်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သတ်မှတ်နေရာတွင် ပျိုးပင်စိုက်ပျိုးပေးစဉ်။

ကြီးထွားနေသမျှ ကာလပတ်လုံး ရရှိလာသည့် အရိပ်အာဝါသ၊ သစ်သီးဝလံ၊ လတ်ဆတ်သည့်လေ၊ ရေနှင့် မြေဆီလွှာကို ထိန်းသိမ်းပေးနိုင်မှု စသည့်အကျိုးကျေးဇူးများအားလုံးသည် စိုက်ပျိုးခဲ့သည့်သူအတွက် ကုသိုလ်များအဖြစ် အလိုလိုရရှိနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းကုသိုလ်သည် တစ်ကြိမ်လုပ်ဆောင်ရုံဖြင့် နှစ်ပေါင်းများစွာ၊ မျိုးဆက်ပေါင်းများစွာအထိ အကျိုးဆက်များစွာ ပေးစွမ်းနေမည်ဖြစ်ကြောင်း။

### ထာဝရကုသိုလ်ဖြစ်

ထို့အပြင် သစ်ပင်စိုက်ပျိုးခြင်းသည် ဇရပ်တန်ဆောင်း၊ ဂူကျောင်း ပြာသာဒ် ဆောက်လုပ်လှူဒါန်းခြင်းနှင့် အခြားထာဝရကုသိုလ်များကဲ့သို့ တူညီသည့်ကုသိုလ်ကို ရရှိခံစားနိုင်ပြီး အသက်ရှည်ကျန်းမာသည့် ကုသိုလ်အကျိုးထူးတို့ကိုလည်း ရရှိနိုင်မည်ဖြစ်သည့် ထာဝရကုသိုလ်ပင်ဖြစ်ကြောင်း။

### ဂေဟစနစ်ထိန်းသိမ်းရေး

ယနေ့ကမ္ဘာ၌ လူဦးရေတိုးပွားလာခြင်းနှင့်အတူ သစ်တောပြုန်းတီးခြင်း၊ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးခြင်း စသည့် အကြောင်းရင်းများကြောင့် အရေးပါလှသည့် ဂေဟစနစ်များ ရေရှည်တည်တံ့ရေးအပေါ် ကြီးမားသည့်ခြိမ်းခြောက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ကမ္ဘာတစ်ဝန်း၌ရှိသည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရများနှင့် ဒေသခံပြည်သူများပူးပေါင်းပြီး သဘာဝဂေဟစနစ် ထိန်းသိမ်းရေးဆိုင်ရာ မဟာဗျူဟာမျိုးစုံကို အကောင်အထည်ဖော် ဆောင်ရွက်ကြသည့်အခါ၌ သစ်တောကြိုးဝိုင်းများ၊ ကြိုးပြင် ကာကွယ်တောများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများကဲ့သို့ ထိန်းသိမ်းကာကွယ်ရေးနယ်မြေများ သတ်မှတ်ခြင်းကို အဓိကအလေးပေး ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း။

မြန်မာနိုင်ငံ၏ အပူပိုင်းဒေသဟု သတ်မှတ်ထားသည့် မန္တလေး၊ မကွေး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့နှင့် အောက်ပိုင်းဒေသတို့သည် နိုင်ငံ၏စိုက်ပျိုးရေးအတွက် အရေးပါသည့်ဒေသဖြစ်ကြောင်း၊ ဒေသခံပြည်သူ သန်းပေါင်းများစွာ၏ အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် အခြေခံကောင်းများရှိကြသည့် ဒေသများဖြစ်သော်လည်း မိုးခေါင်ရေရှားမှု၊ ပူပြင်းခြောက်သွေ့သည့် ရာသီဥတုနှင့် ရေရရှိမှုနည်းပါးခြင်းများကြောင့် စိုက်ပျိုးမွေးမြူရေးနှင့် သစ်ပင်များရှင်သန်ကြီးထွားအောင်မြင်ရန် ခက်ခဲပါကြောင်း၊ အထူးသဖြင့် ၂၀၂၄ ခုနှစ်၌ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် အယ်လ်နီညို အကျိုးသက်ရောက်မှုအရ ပြင်းထန်သည့် အပူချိန်မြင့်မားမှုဒဏ်ကို ခံစားခဲ့ရသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အနေဖြင့် အပူပိုင်းဒေသ၏ဂေဟစနစ်ပိုမိုကောင်းမွန်လာစေရေး၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးနှင့် ရာသီဥတု မျှတကောင်းမွန်စေရေးတို့ကို စီမံချက်များဖြင့်ဆောင်ရွက်နေကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သစ်တောဧရိယာများ တိုးပွားလာစေရေး၊ ရေနှင့်မြေဆီလွှာထိန်းသိမ်းရေးအတွက် လမ်းဘေးဝဲယာတို့တွင် သစ်ပင်စိုက်ပျိုးခြင်း၊ တစ်ရွာ(၂)ကေဖြင့် ကျေးရွာ ထင်းစိုက်ခင်းများ တည်ထောင်ခြင်းအပါအဝင် ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် အရှိန်အဟုန်မြှင့်တင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်း၊ မြေဆီလွှာတိုက်စားခြင်း၊ လေပြင်းမုန်တိုင်း တိုက်ခတ်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များကို တားဆီးကာကွယ်နိုင်ရန် တောင်ကုန်း၊ တောင်ထိပ်များ၊ မြစ်ချောင်း၊ ဆည်တာတမံများ၏ ရေဝေရေလဲဧရိယာများ၊ ကမ်းရိုးတန်း ဒီရေတောများ၊ ဂေဟစနစ်များကိုလည်း ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအပါအဝင် ဂေဟစနစ်များ ထိန်းသိမ်းရေးအတွက် သစ်ပင်စိုက်ပျိုးထိန်းသိမ်းခြင်း လုပ်ငန်းများသည်

စာမျက်နှာ ၄ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများ ပျိုးပင်များတပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၃ မှ*

အရေးကြီးဆုံးသော မောင်းနှင်အားဖြစ်ပြီး သဘာဝကိုအခြေခံသည့် ဖြေရှင်းခြင်းနည်းလမ်းများ (Nature-based Solutions) ဖြစ်သည့်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားပြီး အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

အလျဉ်းသင့်သဖြင့် နိုင်ငံတော်၏ သစ်တောများ ရေရှည်တည်တံ့ရေး ဆောင်ရွက်နေမှုများနှင့်ပတ်သက်ပြီး ပြောကြားလိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အရှေ့တောင်အာရှ နိုင်ငံများထဲတွင် အင်ဒိုနီးရှားနိုင်ငံပြီးပါက ဧရိယာဒုတိယအကြီးဆုံး နိုင်ငံတစ်ခုဖြစ်သကဲ့သို့ ပထဝီဝင်နိုင်ငံရေးအခြေအနေအရ သော်လည်းကောင်း၊ ဘူမိ ရူပ ထူးခြားတည်ရှိမှုအရသော်လည်းကောင်း၊ သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသည့် နိုင်ငံဖြစ်ကြောင်း၊ မြောက်ဘက်ရေခဲတောင်များမှစပြီး တောင်ဘက် ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါကျွန်းစုဂေဟာစနစ်အထိ နေရာဒေသအသီးသီးတွင် ဂေဟာစနစ်မျိုးစုံကို ပိုင်ဆိုင်သည့်နိုင်ငံတစ်ခုလည်းဖြစ်ကြောင်း။

## ရည်မှန်းချက်ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်

နိုင်ငံ၏ သစ်တောဖုံးလွှမ်းမှု တိုးပွားလာစေရန်၊ တောရိုင်းတိရစ္ဆာန်နှင့် ထင်ရှားသည့် ဘူမိရူပ ထူးခြားသည့်နေရာများကို ထိန်းသိမ်းကာကွယ်နိုင်ရန်အတွက် နိုင်ငံဧရိယာ၏ (၃၀) ရာခိုင်နှုန်းကို ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ၊ (၁၀)ရာခိုင်နှုန်းကို သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် ဖွဲ့စည်းသွားရန် ရည်မှန်းချက်ဖြင့် စီမံ ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူသည့်ကာလအတွင်း ယနေ့အထိ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော ၆၁ ခု၊ ဧရိယာ ဧက ၆ သိန်း ၆ သောင်းကျော်နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ ၁၆ ခု၊ ဧရိယာဧက ၆ သိန်း ၁ သောင်းကျော်ကို ဖွဲ့စည်းပေးနိုင်ခဲ့ကြောင်း၊ ယခုအချိန်ထိ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တော ၁၃၂၄ ခု၊ နိုင်ငံဧရိယာ၏ ၂၅ ဒသမ ၉၄ ရာခိုင်နှုန်းနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ ၆၂ ခု၊ နိုင်ငံဧရိယာ၏ ၆ ဒသမ ၄၃ ရာခိုင်နှုန်း ဖွဲ့စည်းထားနိုင်ခဲ့ပြီ ဖြစ်သဖြင့် ရည်မှန်းချက် ပြည့်မီအောင် ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

လက်ရှိ နိုင်ငံသားများနှင့် နောင်အနာဂတ်မျိုးဆက်သစ်များအတွက် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အမွေအနှစ်ကောင်းများပေးနိုင်ရန် နိုင်ငံဧရိယာ၏ ၅၀ ရာခိုင်နှုန်းထိ သစ်တောဖုံးလွှမ်းမှုများတိုးတက်လာအောင်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ဆက်စပ်ဌာနများ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ပြည်သူများအားလုံးက ဝိုင်းဝန်းကြိုးပမ်း ပူးပေါင်းဆောင်ရွက်ကြရန် အလေးအနက်ထား တိုက်တွန်းမှာကြားလိုကြောင်း။

သစ်တောသယံဇာတ ပေါကြွယ်ဝမှုနှင့် နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်ဆက်စပ်နေတာဖြစ်သည့်အတွက် သစ်တောဖုံးလွှမ်းမှု တိုးပွားလာသည်နှင့်အမျှ ဂေဟာစနစ်ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ထို့ပြင် သစ်၊ ဝါး၊ ကြိမ် အစရှိသည့် သစ်တောထွက်ပစ္စည်းအမျိုးမျိုး ပိုမိုထုတ်လုပ်လာနိုင်ကာ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

## ပြုစုထိန်းသိမ်း

ထို့ကြောင့် သစ်ပင်စိုက်ပျိုးခြင်းကို နိုင်ငံတော်က အလေးအနက်ထားပြီး မူဝါဒချမှတ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံသားအားလုံးကလည်း ရှိပြီးသား သစ်ပင်သစ်တောများကို ကာကွယ်ထိန်းသိမ်းပြီး မိမိတို့အိမ်ခြံဝင်း၊ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်၊ လမ်းဘေးဝဲယာအသီးသီးတွင် အရိပ်ရပင်များ၊ လေကာပင်များ၊ ရာသီအလိုက်ဖူးပွင့်သည့် ပန်းပင်များ စသည်ဖြင့် စိုက်ပျိုးကြရန်နှင့် တစ်ပင်စိုက်၊ တစ်ပင်ရှင်သန်အောင်လည်း ပြုစုထိန်းသိမ်းကြရန် မှာကြားလိုကြောင်း။

နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စားရေရိက္ခာဖူလုံပြီး ကျန်းမာပျော်ရွှင်ရေးနှင့် သဘာဝဘေးအန္တရာယ်တချို့မှ ကာကွယ်နိုင်ရန်အတွက် သစ်ပင်သစ်တောများ၏ အခန်းကဏ္ဍသည် အဓိကကျပါကြောင်း၊ Green City, Clean City, Smart City နှင့် Green Village များ ဖြစ်စေရေးအတွက် သစ်ပင်သစ်တောများသည် အလွန်အရေးကြီးသည့် အစိတ်အပိုင်းများဖြစ်ကြောင်း၊ သစ်ပင်ပန်းမန်များသည် ပတ်ဝန်းကျင်စိမ်းစိုသာယာလှပမှုသာမက လူတိုင်း၏ရင်ကို အေးမြစေပြီး စိတ်လက်ပေါ့ပါးမှု၊ ပျော်ရွှင်ချမ်းမြေ့မှု၊ လန်းဆန်းတက်ကြွမှုနှင့် ပတ်ဝန်းကျင်ကောင်းကိုဖန်တီးပေးနိုင်မည်ဖြစ်သကဲ့သို့ ထိုသို့ ဖန်တီးပေးနိုင်သည်ကို ဂုဏ်ယူစိတ်၊ ကြည်နူးစိတ်သည် နိုင်ငံချစ်စိတ် တိုင်းချစ်ပြည်ချစ်စိတ်အတွက် သန္ဓေတည်ရာ မျိုးစေ့ဖြစ်လာမည်ဖြစ်ကြောင်း၊ သစ်ပင်သစ်တောများ ရေရှည်တည်တံ့စေရန်အတွက် ဘက်စုံကဏ္ဍစုံမှ ရှုမြင်သုံးသပ်ပြီး သစ်တောထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အမျိုးသားရေးလုပ်ငန်းတစ်ရပ်အဖြစ် စနစ်တကျ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခု သစ်ပင်စိုက်ပျိုးပွဲတော်မှသည် နိုင်ငံတစ်ဝန်း ကျေးလက်မြို့ပြများ အားလုံး စိမ်းလန်းစိုပြည်သာယာစေရန်၊ မိမိပတ်ဝန်းကျင်နှင့် ကမ္ဘာမြေ ငြိမ်းချမ်းသာယာစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

## ဦးဆောင်စိုက်ပျိုးပေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ခရေပျိုးပင်အား သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများသည် ပျိုးပင်များကို တစ်ပြိုင်တည်း စိုက်ပျိုးပေးကြသည်။

## ကြည့်ရှုအားပေး

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ ကျင်းပပြုလုပ်သည့် ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် သစ်မျိုး ၁၈ မျိုး၊ ပျိုးပင်ပေါင်း ၃၀၀၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး သတ်မှတ်နေရာတွင် ပျိုးပင်စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး သတ်မှတ်နေရာတွင် ပျိုးပင်စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ဗိုလ်ချုပ်ကြီး မောင်မောင်အေး သတ်မှတ်နေရာတွင် ပျိုးပင်စိုက်ပျိုးပေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရာဇဌာနီလမ်းမကြီးပေါ်ရှိ ကွန်ကရစ်လမ်းပျက်စီးမှုအား စက်ယန္တရားများအသုံးပြု၍ ကျောက်ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ရာဇဌာနီလမ်းမကြီးပေါ်ရှိ လမ်းပျက်စီးနေရာများအား Regulating Course Mix Design ဖြင့် ပြန်လည်အဆင့်မြှင့်တင်ပြုပြင်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၄

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် နေပြည်တော် ရာဇဌာနီလမ်းမကြီးပေါ်ရှိ လမ်းပျက်စီးနေရာများအား နည်းပညာအသစ်ဖြစ်သည့် Regulating Course Mix Design ဖြင့် ပြန်လည်အဆင့်မြှင့်တင်ပြုပြင်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများလိုက်ပါ၍ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်နိုင်ဦးနှင့်တာဝန်ရှိသူများက ရာဇဌာနီလမ်းမကြီးပေါ်ရှိ ပန်းခင်းလမ်းမီးပွိုင့် လမ်းဆုံမှ ကုမုဒြာကြာပန်းအဝိုင်းအထိ ကွန်ကရစ်လမ်းပျက်စီးမှုအား စက်ယန္တရားများအသုံးပြု၍ ကျောက်ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရာဇဌာနီလမ်းမကြီးပေါ်ရှိ လမ်းပျက်စီးနေရာများအား နည်းပညာအသစ်ဖြစ်သည့် Regulating Course Mix Design ဖြင့် ပြန်လည်အဆင့်မြှင့်တင်ပြုပြင်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။


### ရေရှည်တည်တံ့ကောင်းမွန်ရေးဆောင်ရွက်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုလမ်းပိုင်းပြင်ဆင်ခြင်းလုပ်ငန်းအား နည်းပညာအသစ်ဖြစ်သည့် Regulating Course Mix Design ဖြင့် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် လမ်းရေရှည်တည်တံ့ကောင်းမွန်ရေး၊ သတ်မှတ်အချိုးအစားများပြည့်မီမှုရှိစေရေး စနစ်တကျဆောင်ရွက်သွားရန်၊ လမ်းကြိတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းသားညီညာမှုရှိစေရေးနှင့် သိပ်သည်းမှုရှိစေရေး လမ်းကြိတ်စက်များအား သတ်မှတ်မောင်းနှင်ရမည့်နှုန်းထားအတိုင်း မောင်းနှင်ဆောင်ရွက်စေရန်၊ လမ်းမျက်နှာပြင်ညီညာမှုရှိစေရေး၊ လမ်းပေါ်၌ ရေတင်မှုမရှိစေရေးနှင့် ရေဆင်းမှန်ကန်မှုရှိစေရေး သတ်မှတ်နည်းစနစ်များအတိုင်း စနစ်တကျဆောင်ရွက်သွားရန်၊ လမ်းလယ်ကျွန်းရှိ လမ်းကွေ့နေရာများ၌လည်း ညီညာမှုရှိစေရေး၊ လမ်းခင်းခြင်းလုပ်ငန်းများ အမြန်ဆုံးပြီးစီးစေရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လမ်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။



Regulating Course Mix Design ဖြင့် စမ်းသပ်နေမှုအား တွေ့ရစဉ်။




### နည်းပညာအသစ်ဖြင့်ဆောင်ရွက်

အဆိုပါ ရာဇဌာနီလမ်းမကြီးပေါ်ရှိ ပန်းခင်းလမ်းမီးပွိုင့်လမ်းဆုံမှ ကုမုဒြာကြာပန်းအဝိုင်းအထိ လမ်းပိုင်းနေရာသည် မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ဆိုးရွားစွာပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ငလျင်လှုပ်ခတ်ပြီးမကြာမီအချိန်ပိုင်းအတွင်း ထိခိုက်ပျက်စီးမှုများအား သွားရောက်စစ်ဆေးခဲ့သည့်နေရာဖြစ်ကာ ထိုသို့သွားရောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီး အင်ဂျင်နီယာများနှင့် ဆွေးနွေးတိုင်ပင်မှုများအရ လမ်းပိုင်းပြုပြင်မှုများ ဆောင်ရွက်ရာတွင် နည်းပညာအသစ်ဖြစ်သည့် Regulating Course Mix Design ဖြင့် ဆောင်ရွက်သွားရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်မှာကြားခဲ့သည်။ ထိုသို့လမ်းညွှန်မှာကြားချက်အရ လမ်းပြုပြင်ခြင်းလုပ်ငန်းများကို Regulating Course Mix Design ဖြင့် ဆောင်ရွက်နိုင်ရန် မူလနိုင်လွန်ကတ္တရာ Mix Design မှ ကတ္တရာပါဝင်မှုနှုန်းနှင့် ဘိလပ်မြေပါဝင်မှုတို့ကို လျှော့ချ၍ Design စမ်းသပ်ပြုလုပ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ Design ပြုလုပ်ထားသည့် အချိုးအတိုင်း ဆောက်လုပ်ရေးဝန်ကြီးဌာန နိုင်လွန်ကတ္တရာ Lab ခန်းတွင် နမူနာ Mould ၂ တုံးပြုလုပ်၍ Marshall Testing Machine စက်ဖြင့် Stability နှင့် Flow အား စမ်းသပ်ခဲ့ရာ သတ်မှတ်စံနှုန်းများအတွင်း ရရှိစမ်းသပ်မှုအောင်မြင်ခဲ့ကြောင်း၊ ထိုကဲ့သို့ အဆင့်ဆင့်စမ်းသပ်ခဲ့ပြီးနောက် ယခုလမ်းပိုင်းအား Regulating Course Mix Design ဖြင့် ပြင်ဆင်ဆောင်ရွက်နေခြင်းဖြစ်ပြီး Regulating Course Mix Design ဖြင့် လမ်းလွှာခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက ၂ လက်မဒု၊ ၁၂ ပေ အကျယ်၊ ပေ ၅၂၈၀(၁မိုင်) လျှင် ဘိလပ်မြေ ၁၈ ဒသမ ၄၄ တန်(၃၆၈) အိတ်နှင့် ကတ္တရာ ၆ ဒသမ ၁၅ တန် (၃၃ ပီပါ) သက်သာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၂) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်

နေပြည်တော် ဇူလိုင် ၄

နိုင်ငံသားတိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေး သုံးပါးကို စောင့်ထိန်းရန်တာဝန် ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံ သားတိုင်း စစ်ပညာသင်ကြားရန် နှင့် နိုင်ငံတော်ကာကွယ်ရေး အတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံ တော် ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက် စာရင်းပေးသွင်းကြသည့် လူငယ် များကို ပြည်သူ့စစ်မှုထမ်း သင်တန်းများ ဖွင့်လှစ်သင်ကြား



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် ဟိုပုံးတပ်နယ် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၂) သင်တန်းဆင်းပွဲအခမ်းအနားတွင် သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၂)မှ သင်တန်းသားများအတွက် ချီးမြှင့်ငွေ ပေးအပ်စဉ်။

များအပြီးတွင် သင်တန်းဆင်းပွဲ များသို့ တက်ရောက်ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ် အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ် ဌာနချုပ်အသီးသီးမှ တိုင်းမှူးများ နှင့် တာဝန်ရှိသူများက သင်တန်း ကာကွယ်ရေးအတွက် စစ်မှု ထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော် အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အရ နိုင်ငံသားများ၏ အခွင့်အရေး ကို ကာကွယ်စောင့်ရှောက်ပေး



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးကျော်ထက်တို့ အနောက်တောင်တိုင်းစစ်ဌာနချုပ်အတွင်းရှိ နယ်မြေခံသင်တန်းကျောင်းတွင် ဖွင့်လှစ် ခဲ့သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၂) သင်တန်းဆင်းပွဲအခမ်းအနားတွင် သင်တန်းဆင်း စစ်သည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

ပေးလျက်ရှိသည်။

ယခုအခါ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်းပွဲ အခမ်းအနား များကို ယနေ့နံနက်ပိုင်း တွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်း ကျောင်း အသီးသီး၌ ကျင်းပပြုလုပ်ကြ သည်။ အဆိုပါ သင်တန်းဆင်းပွဲ များကို သင်တန်းဆင်းစစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက် ကြပြီး သင်တန်းသားများ က နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာ ခံယူကြသည်။

ထို့နောက် သင်တန်းကျောင်း များအလိုက် သင်တန်းဆင်း ထူးချွန်ဆုများဖြစ်သည့် စံပြ တပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည် တော် ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင် ဆု၊ တပ်စိတ်တိုက်နည်း ပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင် အကောင်းဆုံးဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ပြီး သင်တန်းဆင်း အမှာ စကားများ ပြောကြားကြသည်။

သင်တန်းဆင်းပွဲအခမ်းအနား ကျောင်းခန်းမများ၌ ပြည်သူ့စစ်မှု ထမ်း သင်တန်းအမှတ်စဉ်(၁၂)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များအား တွေ့ဆုံအမှာ စကားပြောကြားကာ ရင်းရင်း နှီးနှီး လိုက်လံနှုတ်ဆက်အားပေး ကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၂)မှ သင်တန်းသားများကို ကြံ့ခိုင်ရေး ဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ် စသည့် ဘာသာရပ်များနှင့် အထွေထွေ ဘာသာရပ်များကို အဆင့်ဆင့် လေ့ကျင့် သင်ကြားပေးခဲ့ကြ ကြောင်း သိရှိရသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေ တည်တံ့ ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည် ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာ သင်ကြားရန်နှင့် နိုင်ငံတော် လျက်ရှိပြီး နိုင်ငံသားများအနေဖြင့် လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန် ဆန္ဒရှိကြ သည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် များကို ထမ်းဆောင်နေကြပြီ ဖြစ်သည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်း စစ်သည်များ သည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာ လုပ်ကိုင် ဆောင်ရွက်တတ်သည့် အလေ့ အကျင့်များ(Teamwork)ရရှိခဲ့ပြီး နိုင်ငံချစ်စိတ် (Nationalism)၊ မျိုးချစ်စိတ်(Patriotism)၊ အဖွဲ့ အစည်းစိတ် (Team Sprit)၊ ရဲဘော်ရဲဘက်စိတ် (esprit de corps) အပြည့်ဖြင့် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ် ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ကြတော့










မည်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၂)တွင် တက်ရောက် ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှ ရရှိခဲ့သည့် အလေ့ အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်း ပြီးနောက် မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက် တာဝန် ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များ၏ စကားသံများကို လည်း ယခုလိုပဲ ကြားသိရပါသည်။

၁။ နိုင်ငံသား တစ်ယောက် အနေနဲ့ နိုင်ငံ့တာဝန် ကျေပွန် ချင်တာလည်းပါတယ်။ တိုင်းပြည် မှာ ဖြစ်ပျက်နေတဲ့ ဆူပူသောင်း ကျန်းမှုတွေကို နိုင်ငံသား တစ်ယောက်အနေနဲ့ တစ်ဖက် တစ်လမ်းကနေပြီး ကိုယ်တိုင် ကိုယ်ကျ ပါဝင်ရှင်းလင်းပြီးတော့ ကူညီချင်ပါတယ်။ နောင်လာမယ့် ပြည်သူ့စစ်မှုထမ်းတွေကိုလည်း ဖိတ်ခေါ်ချင်ပါတယ်။ ဒီသင်တန်း ကို ကိုယ်ကိုယ်တိုင်လာတက် ကြည့်မှ ဒီသင်တန်းက ဘယ်လို သင်ကြားတယ်၊ ကိုယ့်အတွက် ဘယ်လိုကောင်းမွန်တဲ့ ရလဒ်တွေ ရတယ်ဆိုတာ သိရှိသွားမှာပါ။ အပြင်မှာကြားနေတဲ့ ကောလာ ဟလတွေ ယုံကြည်ပြီးတော့ စိတ်ထဲမှာ မဝံ့မရဲမဖြစ်ဖို့ ကျွန်တော် အကြံပြုချင်ပါတယ်။ ကိုယ်ကိုယ်တိုင် လာကြည့်မှပဲ အဆင်ပြေမှာပါလို့ ပြောချင်ပါ တယ်။

၂။ ဒီသင်တန်းကနေ သင်ကြား ပို့ချပေးသွားတဲ့ သင်ခန်းစာတွေကို နိုင်ငံရဲ့ တစ်ထောင့်တစ်နေရာ ကနေ အတတ်နိုင်ဆုံး ထမ်းဆောင် သွားပါမယ်။ နောက်ထပ် ပြည်သူ့ စစ်မှုထမ်း သင်တန်းတက်မယ့် ညီငယ်တွေအတွက်ကိုလည်း လာခဲ့ ပါ။ ကျွန်တော်တို့ လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်ပါတယ်။ ဒီသင်တန်း ဟာ ယောက်ျားကောင်း၊ ယောက်ျားမြတ်တွေ ကြံ့ခိုင်မှု ရှိတဲ့ ယောက်ျားတွေဖြစ်အောင် လေ့ကျင့် သင်ကြားပေးတဲ့ သင်တန်းဖြစ်တယ်။ နောက်ထပ် လာမယ့် ညီအစ်ကိုတွေကိုလည်း ကြိုဆိုပါတယ်။

၃။ ဒီယူနီဖောင်းတွေ ဝတ်ထား ပြီး တပ်မတော်က သင်ကြားပေး ခဲ့တဲ့ စစ်စည်းကမ်းမှန်သမျှက ကျွန်တော်တို့အတွက် တန်ဖိုးရှိ ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီစည်းကမ်းကိုတော့ ဘယ်လိုမှ ဖောက်ဖျက်လို့ မရဘူးဆိုတာ တော့ ကျွန်တော်တို့ ခံယူထားပါ တယ်။ အစစအရာရာမှာ စည်းကမ်း တကျနဲ့ နေထိုင်မှုဟာ ကျွန်တော် တို့အတွက် တန်ဖိုးရှိပါတယ်။ ဘာပဲဖြစ်ဖြစ် ဂုဏ်ယူမိပါတယ်။ ယောက်ျားတိုင်းလည်း စစ်သား မဖြစ်ဘူးဆိုတဲ့စကားကို ကျွန်တော် တို့ ဒီစကားကို အမြဲတမ်းကြားဖူး နားဝရှိပါတယ်။ ယောက်ျားတိုင်း လည်း ယူနီဖောင်းဝတ်လို့မရဘူး။ ဒါပေမယ့် ကျွန်တော်တို့ အဲဒီအချိန် မှာ ယူနီဖောင်းဝတ်ခွင့်ရ တယ်။ ကိုယ့်တိုင်းပြည်အတွက်ကို ကာကွယ်ခွင့် ရတယ်ဆိုတာကို ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူမိပါ တယ်။ ကျွန်တော် တပ်မတော်သား တစ်ယောက်အနေနဲ့ကတော့ ခံယူ ချက် အပြည့်အဝရှိပါတယ်။ ဘာပဲ ဖြစ်ဖြစ် ကျွန်တော့်ရဲ့ နဂိုဆုံးဖြတ် ချက်က စပြီးလာကတည်းက လည်း ပြည်သူ့စစ်မှုထမ်းမှ မဟုတ်ပါဘူး။ ကျွန်တော် ရာသက်ပန် အမြဲတမ်းစစ်မှုထမ်းဖို့ အထိကို ဆုံးဖြတ်ချက်ချထားတဲ့ စိတ်ကူးနဲ့ ဝင်လာတာပဲဖြစ်ပါတယ်။

ထို့နောက် ညပိုင်းတွင် သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၂)မှ နိုင်ငံ့သားကောင်း စစ်သည်များကို သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲများ ပြုလုပ် ပေးခဲ့ကြကြောင်း သတင်းရရှိ သည်။ သတင်းစဉ်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်းတွင် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ် (၁၂) သင်တန်းဆင်းပွဲ ကျင်းပစဉ်။

# ပြည်ထောင်စုအကျိုးအတွက်ဖိတ်ခေါ်ချက်

၁။ အကြမ်းဖက်လုပ်ရပ်များကြောင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခြင်းခံထားရသည့်အပြင် လူမှုကွန်ရက်စာမျက်နှာများတွင် လတ်တလောထွက်ပေါ်လာသည့် အချက်အလက်များအရ ၎င်းတို့၏ ခေါင်းဆောင်ပိုင်း ပုဂ္ဂိုလ်များကပင် **အသိအမှတ်ပြု လက်ခံထားခြင်းမရှိဘဲ ၎င်းတို့၏ ပုဂ္ဂိုလ်ရေးအကျိုးစီးပွားအတွက် တရားမဝင် ဖွဲ့စည်းထားသည့် CRPH နှင့် NUG တို့က ၎င်းတို့၏ မဲမသမာမှုများနှင့် နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့်ရယူရန်ကြိုးပမ်းခဲ့မှုများကိုဖုံးကွယ်ကာ နိုင်ငံတော်အာဏာကို မတရားဆက်လက်ရယူဆုပ်ကိုင်ထားလိုသည့်အတွက် ၎င်းတို့ကပင်ရွေးကောက်ခံအစိုးရဖြစ်သကဲ့သို့ ပုံဖော်ခဲ့သည်။** လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲပြန်လည်ကျင်းပပေးနိုင်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်အာဏာအရပ်ရပ်ကို တာဝန်ယူဆောင်ရွက်ခဲ့ရသည့် တပ်မတော်အား ဒီမိုကရေစီ နောက်ပြန်ဆွဲသည်ဟု CRPH နှင့် NUG တို့က ဝါဒဖြန့် ဆောင်ရွက်ခဲ့မှုများကို လက်ခံယုံကြည်ခဲ့၍ဖြစ်စေ၊ မိမိတို့၏ ယုံကြည်ချက်၊ ခံယူချက်များသည် မှန်ကန်သည်ဟု ယူဆ၍ဖြစ်စေ PDF အမည်ခံများအပါအဝင် လက်နက်ကိုင်အုပ်စုများသည် လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့ကြသည်။

၂။ နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တရားဝင်ရပ်တည်လျက်ရှိသည့် နိုင်ငံရေးပါတီတို့၏ မျှော်မှန်းချက်မှာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဖြစ်သည်။ ထို့အပြင် မိမိတို့၏ ယုံကြည်ချက်နှင့် ခံယူချက်များအတွက် လက်နက်ကိုင်လမ်းစဉ်ကိုရွေးချယ်ခဲ့ကြသည့် PDF အမည်ခံများအပါအဝင် လက်နက်ကိုင်အုပ်စုများ၏ မျှော်မှန်းချက်မှာလည်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးပင်ဖြစ်သည်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ်(၅) ရပ်ချမှတ်ကာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အတော်ပင်ခရီးရောက်နေပြီဖြစ်သည်။ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် မျှော်မှန်းချက်တူညီပြီး ရွေးကောက်ပွဲလမ်းကြောင်းသို့ဝင်ရောက်မည့် နိုင်ငံရေးပါတီများမှာလည်း ၅၄ ပါတီရှိနေပြီဖြစ်သည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးဆီသို့ လျှောက်လှမ်းရန်တံခါးဝကြီးမှာ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ

> ❝ လက်နက်ကိုင်လမ်းစဉ်ကို ဆက်လက်လျှောက်လှမ်းနေမည်ဆိုပါက နိုင်ငံတော်အတွက် အကျိုးရှိမည်မဟုတ်ဘဲ ဒီမိုကရေစီနောက်ပြန်သွားနေသကဲ့သို့သာ ဖြစ်နေမည်ဖြစ် ❞

ရွေးကောက်ပွဲကြီးပင်ဖြစ်သည်။ ထိုသို့သော အခြေအနေမျိုးတွင် **လက်နက်ကိုင်လမ်းစဉ်ကို ဆက်လက်လျှောက်လှမ်းနေမည်ဆိုပါက နိုင်ငံတော်အတွက် အကျိုးရှိမည်မဟုတ်ဘဲ ဒီမိုကရေစီနောက်ပြန်သွားနေသကဲ့သို့သာဖြစ်နေမည်ဖြစ်သည်။** ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးဆိုသည့် ရည်မှန်းချက်ပန်းတိုင်သည် CRPH နှင့် NUG တို့၏ ဝါဒမှိုင်းတိုက်မှုကြောင့် လမ်းစပျောက်သွားရန်မလိုဘဲ မိမိတို့၏ယုံကြည်ချက်၊ မိမိတို့၏ မျှော်မှန်းချက်လမ်းကြောင်းပေါ်ရောက်ရှိရေး ဆက်လက်လျှောက်လှမ်းရမည်သာဖြစ်သည်။ ရွေးကောက်ပွဲကျင်းပပြီး၍ လွှတ်တော်နှင့်အစိုးရများ ပေါ်ပေါက်လာလျှင် ၎င်းတို့သာ ရွေးကောက်ခံအစိုးရဟူသည့် ရပ်တည်မှုပျောက်ဆုံးမည်ကို စိုးရိမ်နေသည့် CRPH နှင့် NUG တို့၏လုပ်ဆောင်မှုများသည် မိမိတို့၏မျှော်မှန်းချက်များနှင့် ဆန့်ကျင်နေပါက မှန်ကန်သည့် လမ်းကြောင်းကိုပြောင်း၍ လျှောက်လှမ်းရမည်သာဖြစ်သည်။

> ❝ PDF အမည်ခံများအပါအဝင် လက်နက်ကိုင်အုပ်စုများအနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးကို မျှော်မှန်းကာ ဥပဒေဘောင်အတွင်း တရားဝင်ရပ်တည်ပြီး နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်လက်တွဲ၍ နိုင်ငံတော်အကျိုး၊ ဒေသအကျိုးကို ဖော်ဆောင်မည်ဆိုပါက နိုင်ငံတော်အစိုးရနှင့် တပ်မတော်က ကြိုဆိုလက်ခံမည်ဖြစ်ပါကြောင်းနှင့် ထိုသို့ဆန္ဒရှိပါက နီးစပ်ရာတပ်စခန်းများ၊ ဒေသအာဏာပိုင်များထံ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင် ❞

လက်နက်ကိုင်လမ်းစဉ်ကြောင့် လူငယ်၊ လူရွယ်အများအပြားအသက်ဆုံးရှုံးကြရပြီး မျှော်မှန်းတည်ဆောက်လျက်ရှိသည့်ပြည်ထောင်စုကြီးအတွက် လူ့စွမ်းအားအရင်းအမြစ် ဆုံးရှုံးမှုကိုဖြစ်ပေါ်စေခဲ့သည်။

၄။ လက်နက်ကိုင်လမ်းစဉ်ဖြင့် ဖြေရှင်းရန်ကြိုးပမ်းမှုသည် နှစ်ပေါင်း ၇၀ ကျော်ကြာသော်လည်း မည်သည့်ရလဒ်မျှ မထွက်သည့်အပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့သည်ကို သင်ခန်းစာယူကာ PDF အမည်ခံများအပါအဝင် လက်နက်ကိုင်အုပ်စုများအနေဖြင့် မိမိတို့ဒေသ တည်ငြိမ်အေးချမ်းမှုမရှိသည့်အတွက်ကြောင့် လည်းကောင်း၊ မိမိတို့၏ လက်နက်ကိုင်လမ်းစဉ်တွင် ပါဝင်နေမှုကြောင့်လည်းကောင်း မိမိတို့၏ မိဘညီအစ်ကိုမောင်နှမများနှင့် ဆွေမျိုးသားချင်းတို့သည် လူမှုစီးပွားဘဝများထိခိုက်ပျက်စီးကြရပြီး အတိဒုက္ခရောက်ကြရသည်ကို ထောက်ထား၍ဖြစ်စေ၊ မိမိတို့ဒေသတည်ငြိမ်အေးချမ်းပြီး ပညာရေး၊ ကျန်းမာရေး အပါအဝင် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးကို ထောက်ထား၍ဖြစ်စေ ရွေးကောက်ပွဲလမ်းကြောင်းကို အပြည့်အဝ ပူးပေါင်းပါဝင်ခြင်းဖြင့် မျှော်မှန်းသည့် ပန်းတိုင်ကိုအရောက်လှမ်းနိုင်မည်ဖြစ်သည်။

၅။ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးနှင့်ကိုက်ညီသည့်ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရေးတို့သည် ကျင်းပရန်ရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးမှထွက်ပေါ်လာမည့် လွှတ်တော်၊ အစိုးရတို့နှင့် ဆက်လက်ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားကြရမည်ဖြစ်သည်။

၆။ သို့ပါ၍ PDF အမည်ခံများအပါအဝင် လက်နက်ကိုင်အုပ်စုများအနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေးကိုမျှော်မှန်းကာ ဥပဒေဘောင်အတွင်း တရားဝင်ရပ်တည်ပြီး နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်လက်တွဲ၍ နိုင်ငံတော်အကျိုး၊ ဒေသအကျိုးကို ဖော်ဆောင်မည်ဆိုပါက နိုင်ငံတော်အစိုးရနှင့် တပ်မတော်က ကြိုဆိုလက်ခံမည်ဖြစ်ပါကြောင်းနှင့် ထိုသို့ဆန္ဒရှိပါက နီးစပ်ရာတပ်စခန်းများ၊ ဒေသအာဏာပိုင်များထံ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၄

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ဝေဠုဝန်ငါးထပ်ကြီးဘုရား၊ ဘုရားဖြူစေတီ၊ မဟာစည်းခုံကြီးစေတီ၊ ရွှေစေတီဘာသန္တရသင်တန်းကျောင်း၊ လေးကျွန်းမြေအုဋ္ဌကျောင်း ပရိယတ္တိစာသင်တိုက်၊ မျိုးရင်ရင် သီလရှင်စာသင်တိုက်နှင့် မှန်ကူကျောင်းတိုက်တို့၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စက်ယန္တရားကြီးများ အသုံးပြု၍ အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လုပ်အားပေးဆောင်ရွက်နေကြသူများကို အားဖြည့်အချိုရည်များ ပေးအပ်ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရာဇမဏိစူဠာကောင်းမှုတော်စေတီ၊ မေတ္တာကန်နှင့် ဆွမ်းဦးပုညရှင်စေတီများရှိ သာသနိကအဆောက်အအုံများကို ဘက်စုံပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဆုတောင်းပြည့်စေတီတော်ရှိ ထိခိုက်ပျက်စီးခဲ့သော ဘုရားရင်ပြင်တော် ပြန်လည်ပြုပြင်တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ ဘုရားဖြူစေတီနှင့် ကောင်းမှုတော်စေတီသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဇေယျာသို့ သွားရောက်ကာ ပညာရေးဝန်ထမ်းများနေထိုင်မည့် Modular House များ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက် ရတနာပုံရပ်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိ အဆောက်အအုံအပျက်အစီးအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်၊ အနီးပတ်ဝန်းကျင်ရှိ အဆောက်အအုံများအား ထိခိုက်မှုမရှိစေရေး အထူးဂရုပြုဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ မန္တလေးတောင်တော် ဆုတောင်းပြည့်စေတီတော်သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဘုရားရင်ပြင်တော် ပြန်လည်ပြုပြင်တည်ဆောက်နေမှုများကို လည်းကောင်း၊ ဂန္ဓကုဋိတိုက်ရှိ အမိုး၊ တိုင်၊ ခုံးနေရာများအား ပိုမိုခိုင်ခံ့အောင် သံချောင်းများအစားထိုး၍ ရေးမူမပျက်ပြုပြင်ဆောင်ရွက်နေမှုများကို လည်းကောင်း၊ စေတီတော်၏ ထီးတော်ပြန်လည်တည့်မတ်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော မြွေကြီးနှစ်ကောင်ဘုရားရှိ မြေထိန်းနံရံပြုပြင်နေမှုများကို ကြည့်ရှုပြီး အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်နိုင်ရေး၊ ပြန်လည်ပြုပြင်ပြီးစီးသွားသည့် ဓာတ်လှေကားအား ဘုရားဖူးပြည်သူများ အသုံးပြုနိုင်ရန် အမြန်ဆုံးစီစဉ်ဆောင်ရွက်ပေးနိုင်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ရှေးဟောင်းအမွေအနှစ်လက်ရာများဖြစ်သည့်အတွက် စနစ်တကျဆောင်ရွက်သွားကြရန် မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် ရာပြည့်ဂုဏ်ပြုမဂ္ဂဇင်း၊ အမှတ်တရပစ္စည်းများ ရောင်းချခြင်းနှင့် သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ ပန်းချီကားများ ပြသခြင်းအခမ်းအနား ကျင်းပ

**မန္တလေး ဇူလိုင် ၄**

မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် ရာပြည့် ဂုဏ်ပြုမဂ္ဂဇင်း၊ အမှတ်တရ ပစ္စည်းများ ရောင်းချခြင်းနှင့် သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ ပန်းချီကားများပြသခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မန္တလေးတက္ကသိုလ်အဝင်လမ်း ၁၉၂၅ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့တွင် မန္တလေးဥပစာကောလိပ်အဖြစ် သန္ဓေတည် ဖွင့်လှစ်ခဲ့သည့် သမိုင်းဝင် အုတ်တိုက်နီအဆောက်အအုံတွင် ကျင်းပရာ ဆရာကြီး၊ ဆရာမကြီးများ၊ မြို့မိမြို့ဖများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများဖြင့် စည်ကားခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများ တက်ရောက်အားပေးကြပြီး မန္တလေးတက္ကသိုလ် နှစ်(၁၀၀) ပြည့် ကျင်းပရေးကော်မတီမှ ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုမဂ္ဂဇင်းများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းရောင်းချပေးနေမှုများ၊ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများနှင့် ပန်းချီကားများပြသထားမှုများကို လိုက်လံကြည့်ရှုအားပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ပွဲတော်အတွက် လှူဒါန်းသည့် မြန်မာ-ဂျပန် စီးပွားရေးလုပ်ငန်းရှင်များအသင်းမှ လှူဒါန်းငွေကျပ်သိန်း ၁၀၀၊ မန္တလေးတက္ကသိုလ် ကျောင်းသူဟောင်း ဒေါ်ခင်စောဦးက ဒုတိယအကြိမ် လှူဒါန်းငွေကျပ်သိန်း ၅၀ လှူဒါန်းငွေများကို လက်ခံပြီးနောက် ၂၀၂၅ ခုနှစ် ဇူလိုင် ၄ ရက်တွင် ကျရောက်သည့် အမိတက္ကသိုလ်မွေးနေ့ အထိမ်းအမှတ် မွေးနေ့ကိတ်အား ဆရာကြီး၊ ဆရာမကြီးများ၊ မြို့မိမြို့ဖများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့်အတူ လှီး၍ ပျော်ရွှင်စွာ ကျင်းပကာ စတုဒိသာများဖြင့် ဧည့်ခံခဲ့ကြသည်။

မန္တလေးတက္ကသိုလ် နှစ် ၁၀၀ ပြည့် ရာပြည့်သဘင်ပွဲတော်ကြီးကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၄ ရက်နေ့တွင် အနှစ်သာရပြည့်ဝစွာဖြင့် စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀


















သတင်း-စာမျက်နှာ ၈

















# မဟာမုနိဘုရားကြီး ဂန္ဓကုဋိကျောင်းတော်ကြီးနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်နေမှုများ၊ လမ်းမကြီးအား ရေများဖြင့် ဆေးကြောသန့်ရှင်းနေမှုများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ကြည့်ရှုစစ်ဆေး

**မန္တလေး ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက ဘုရားကြီး ဂန္ဓကုဋိကျောင်းတော်ကြီးနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်နေမှုများ၊ မြစ်ငယ်-ထုံးဘိုတိုးဂိတ်၊ မန္တလေးမြို့အဝင်လမ်းမကြီးအား ရေများဖြင့် ဆေးကြောသန့်ရှင်းခြင်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ လိုက်လံကြည့်ရှုရာတွင် ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီးသို့ ရောက်ရှိပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ လာရောက်ဖူးမြော်ကြည်ညိုနေမှုများ၊ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဂန္ဓကုဋိကျောင်းတော်ကြီးနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်နေမှုများကို လိုက်လံကြည့်ရှုပြီး တာဝန်ရှိသူများအား ဘုရားဖူးလာပြည်သူများ စိတ်အေးချမ်းမြေ့စွာဖြင့် ဖူးမြော်ကြည်ညိုနိုင်ရေး၊ လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းများ အရည်အသွေးစံချိန်စံညွှန်းပြည့်မီရေး အလေးထားဆောင်ရွက်သွားရေးတို့ကို မှာကြားပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ငင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမရပူရမြို့နယ်ရှိ မြစ်ငယ်-ထုံးဘိုတိုးဂိတ်သို့ရောက်ရှိပြီး မန္တလေးမြို့ဝင် ရန်ကုန်-မန္တလေးလမ်းဟောင်း မြစ်ငယ်-ထုံးဘိုတိုးဂိတ်မှ မြစ်ငယ်တံတားထိပ်အထိ လမ်းမကြီးနှင့် လမ်းလယ်ကျွန်းများအား ရေများဖြင့် ဆေးကြောသန့်ရှင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်ကြောပြအမှတ်အသားများ ပေါ်လွင်ထင်ရှားစေရန် ဆေးကြောခြင်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို တာဝန်ရှိသူများအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**


















# နိုင်ငံတကာ အားကစား သတင်းများ

## ကာဆာဒိုအား ခေါ်ယူရန် ချဲလ်ဆီးအသင်း ဆွေးနွေး

**လန်ဒန် ဇူလိုင် ၄**

ချဲလ်ဆီးအသင်းသည် ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမား ကာဆာဒိုအား ခေါ်ယူရန် ဆွေးနွေးလျက်ရှိပြီဖြစ်သည်။

အသက်(၂၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၁ ပွဲ ကစားပြီး တစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူရန် ဆွေးနွေးလာခြင်းဖြစ်သည်။



ဘာစီလိုနာအသင်းကလည်း ကာဆာဒိုအတွက် ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀ အထက် ပိုမိုရရှိပါက ရောင်းချသွားဖွယ်ရှိကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ချဲလ်ဆီးအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ဘာစီလိုနာအသင်းထံမှ ကာဆာဒိုအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(ဝဲပုံ) (NGB)**

## ဘော့စ်ကာဂလီကို ဘရိုက်တန်အသင်း ခေါ်ယူ

**လန်ဒန် ဇူလိုင် ၄**

ဘရိုက်တန်အသင်းသည် နယ်သာလန်ကလပ် ပီအက်စ်ဗွီအသင်းနှင့် လမ်းခွဲထားသည့် နောက်ခံကစားသမား ဘော့စ်ကာဂလီကို ပြောင်းရွှေ့ကြေးအလွတ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ဘရိုက်တန်အသင်းနှင့်အတူ ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့သည်။

နောက်ခံကစားသမား ဘော့စ်ကာဂလီသည် ပီအက်စ်ဗွီအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၀၄ပွဲကစားပြီး ၁၁ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘရိုက်တန်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဘရိုက်တန်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား သုံးဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။ **(အောက်ပုံ)(NGB)**





## ၂၀၂၅ အမျိုးသမီးယူရိုပြိုင်ပွဲတွင် စပိန်အသင်းက ပေါ်တူဂီအသင်းကို ငါးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် ဇူလိုင် ၄**

၂၀၂၅ အမျိုးသမီး ယူရိုပြိုင်ပွဲ အုပ်စု(ခ)အဖွင့်ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက စပိန်အသင်းနှင့် ပေါ်တူဂီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စပိန်အသင်းက ပေါ်တူဂီအသင်းကို ငါးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

စပိန်အသင်းအတွက် သွင်းဂိုး ငါးဂိုးကို ပွဲချိန် နှစ်မိနစ်နှင့် ၄၃ မိနစ်တွင် ဂွန်ဇာလက်ဇ်၊ ပွဲချိန် ၇ မိနစ်တွင် ဗစ်ကီလိုပက်ဇ်၊ ပွဲချိန် ၄၁ မိနစ်တွင် ပူတဲလက်စ်၊ ပွဲချိန် (၉၀+၃)မိနစ်တွင် မာတင်တို့က အသီးသီး သွင်းယူခဲ့သည်။

စပိန်အသင်းသည် ၂၀၂၅ အမျိုးသမီး ယူရိုပြိုင်ပွဲ အုပ်စု (ခ) ဒုတိယပွဲစဉ်အဖြစ် လာမည့် ဇူလိုင် ၇ ရက်တွင် ဘယ်လ်ဂျီယံအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**

## မာလစ်ဖိုဖာနာ၏ ပြောင်းရွှေ့ကြေးကို ယူရို သန်း ၆၀ အထိ လိုင်လီအသင်း အလိုရှိ

**ပါရီ ဇူလိုင် ၄**

လိုင်ယွန်အသင်းသည် အသင်းတောင်ပံကစားသမား မာလစ်ဖိုဖာနာ၏ ပြောင်းရွှေ့ကြေးကို ယူရို သန်း ၆၀ အထိ အလိုရှိနေသည်။

အသက်(၂၀)နှစ်အရွယ်ရှိ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် အာဆင်နယ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တောင်ပံကစားသမား မာလစ်ဖိုဖာနာသည် လိုင်ယွန်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၂ ပွဲကစားပြီး ၁၅ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့သလို၊ အနာဂတ်တွင်လည်း ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်း ခံထားရသည်။

ထို့ကြောင့် အာဆင်နယ် အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် လိုင်ယွန်အသင်းထံမှ မာလစ်ဖိုဖာနာအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။ **(အောက်ပုံ) (NGB)**



## ဒီယိုဂိုဂျိုတာ ဝတ်ဆင်သည့် ကျောနံပါတ်(၂၀)ကို အနားပေးသွားမည်ဟု လီဗာပူးအသင်း အတည်ပြု



**လန်ဒန် ဇူလိုင် ၄**

လီဗာပူးအသင်းသည် ကားမတော်ဆမှုကြောင့် ကွယ်လွန်ခဲ့သည့် အသင်း တိုက်စစ်မှူး ဒီယိုဂိုဂျိုတာ ဝတ်ဆင်ကစားသည့် ကျောနံပါတ်(၂၀)ဂျာစီကို အနားပေးသွားမည်ဖြစ်ကြောင်း အတည်ပြုကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ဇူလိုင် ၃ရက်က ညီဖြစ်သူ ပရိုဘောလုံးသမား အန်ဒရီနှင့်အတူ ပေါ်တူဂီနှင့် စပိန်နယ်စပ်နားဖြစ်သည့် ဇာမိုရာဒယ်လာမြို့ A-52 အဝေးပြေးလမ်းတွင် ကုန်တင်ကားအားကျော်ဖြတ်ရန် ကြိုးစားစဉ် ကားဘီးပေါက်ပြီး လမ်းချော်တိမ်းမှောက်ကာ ကားမီးလောင်၍ ကွယ်လွန်ခဲ့ကြခြင်းဖြစ်သည်။

တိုက်စစ်မှူး ဒီယိုဂိုဂျိုတာ ကွယ်လွန်မှုအပေါ် တစ်ကမ္ဘာလုံးရှိ ဘောလုံးအသင်းများနှင့် နာမည်ကျော်ဘောလုံးကစားသမားများစွာအပြင် ပရိသတ်များကလည်း ဝမ်းနည်းကြေကွဲကြောင်း လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားခဲ့ကြသည်။ **(အပေါ်ဝဲပုံ)**

အသက်(၂၈)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဒီယိုဂိုဂျိုတာသည် လီဗာပူးအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၈၂ပွဲကစားပြီး ၆၅ဂိုး သွင်းယူကာ အောင်မြင်မှုများရယူနိုင်ခဲ့သည်။ **(NGB)**

## နီကိုဝီလီယမ် နော်တင်ဟမ်ဖောရက်စ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဇူလိုင် ၄**

နော်တင်ဟမ်ဖောရက်စ်အသင်းသည် အသင်းနောက်ခံကစားသမား နီကိုဝီလီယမ်ကို လေးနှစ်သက်တမ်းတိုး စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် နော်တင်ဟမ်ဖောရက်စ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၇ပွဲကစားပြီး နှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ နီကိုဝီလီယမ်က "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ လာမယ့် ဘောလုံးရာသီမှာလည်း အသင်းနဲ့အတူ ရလဒ်ကောင်းတွေပိုင်ဆိုင်ဖို့ ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(အောက်ပုံ)(NGB)**



## 2025 Wimbledon တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ Novak Djokovic တက်ရောက်

**လန်ဒန် ဇူလိုင် ၄**

အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Wimbledon တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ နာမည်ကျော် ဆားဘီးယားတင်းနစ်ကစားသမား Novak Djokovic တက်ရောက်ခဲ့သည်။

အဆိုပါ ဆားဘီးယားတင်းနစ်ကစားသမား Novak Djokovic သည် 2025 Wimbledon တင်းနစ် ပြိုင်ပွဲ ဒုတိယအဆင့်တွင် ဗြိတိန်တင်းနစ်ကစားသမား Daniel Evans အား ၆-၃၊ ၆-၂၊ ၆-၀ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 Wimbledon တင်းနစ် ပြိုင်ပွဲ တတိယအဆင့်တွင် ဆားဘီးယားတင်းနစ်ကစားသမား Novak Djokovic နှင့် တစ်နိုင်ငံတည်းသားဖြစ်သူ တင်းနစ်ကစားသမား Miomir Kecmanovic တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(အောက်ပုံ)(NGB)**



### ဖီဖာကလပ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (ကွာတားဖိုင်နယ်) ပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၅-၇-၂၀၂၅ စနေနေ့ | ည၁၀း၃၀နာရီ | (PSG)ပြင်သစ် – ဘိုင်ယန်မြူးနစ်(ဂျာမနီ) |
| ၆-၇-၂၀၂၅ တနင်္ဂနွေနေ့ | နံနက်၀၂း၃၀ နာရီ | ရီးရဲလ်မက်အရစ်(စပိန်)– ဒေါ့မွန်(ဂျာမနီ) |

### ၂၀၂၆ အာရှဖလား(အမျိုးသမီး)ဘောလုံးပြိုင်ပွဲ-ခြေစစ်ပွဲ(အုပ်စုအဆင့်)ပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|---|
| ၅-၇-၂၀၂၅ စနေနေ့ | ညနေ ၃း၀၀ နာရီ | D | ကာဂျစ္စတန် - ပါကစ္စတန် |
| ။ | ညနေ ၃း၃၀ နာရီ | E | ယူအေအီး - မော်လ်ဒိုက် |
| ။ | ။ | B | တီမော - မွန်ဂိုလီးယား |
| ။ | ။ | G | ဖိလစ်ပိုင် - ဟောင်ကောင် |
| ။ | ညနေ ၄း၀၀ နာရီ | C | မြန်မာ - ဘာရိန်း |
| ။ | ညနေ ၆း၃၀ နာရီ | G | ကမ္ဘောဒီးယား - ဆော်ဒီအာရေဗျ |
| ။ | ။ | E | ဗီယက်နမ် - ဂူအမ် |
| ။ | ည ၇း၀၀ နာရီ | C | ဘင်္ဂလားဒေ့ရှ် - တာမင်နစ္စတန် |
| ။ | ။ | F | လာအို - သီရိလင်္ကာ |
| ။ | ။ | B | ထိုင်း - အိန္ဒိယ |
| ။ | ည ၇း၃၀ နာရီ | D | တရုတ်တိုင်ပေ - အင်ဒိုနီးရှား |
| ။ | ည ၈း၃၀ နာရီ | H | မြောက်ကိုရီးယား - မလေးရှား |
| ။ | ည ၁၀း၀၀ နာရီ | F | ဥဇဘတ်ကစ္စတန် - နီပေါ |
| ။ | ည ၁၁း၃၀ နာရီ | H | ပါလက်စတိုင်း - တာဂျစ်ကစ္စတန် |



## အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဖွင့်ပွဲ ကျင်းပ

**ပင်လောင်း ဇူလိုင် ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေး၊ ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းအစီအစဉ်ဖြင့်ဖွင့်လှစ်သည့် အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဖွင့်ပွဲကို ဇူလိုင် ၂ ရက် နံနက် ၁၀နာရီက မင်္ဂလာကွက်သစ်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒေသဦးစီးမှူး ဦးဝင်းကျော်မျိုးက ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးရေးဆောင်ရွက်ရာတွင် လုပ်ငန်းထူထောင်ပေးခြင်းနှင့် ကျေးရွာ၏ ဒေသထွက်ကုန်ကြမ်းအပေါ်မူတည်၍ ကုန်ထုတ်လုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာနည်းပညာ သင်တန်းများပို့ချပေးခြင်း၊ လုပ်ငန်းထူထောင်လိုသူများကိုလည်း လုပ်ငန်းထူထောင်နိုင်သည်အထိ လိုအပ်သောနည်းပညာနှင့် စက်ပစ္စည်းများ ထောက်ပံ့ပေးခြင်းဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပြီး၊ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးရေးအတွက် ယခု ဖွင့်လှစ်ပေးသည့် အခြေခံမော်တော်ဆိုင်ကယ်ပြုပြင် ထိန်းသိမ်းနည်းသင်တန်းလည်းပါဝင်ကြောင်း ပြောကြားပြီး ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဇော်ထက်က သင်တန်းတွင် အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများပေးအပ်ရာ သင်တန်းသားတစ်ဦးက လက်ခံရယူသည်။

ထို့နောက် တာဝန်ရှိသူများ၊ ရပ်ကွက်ရပ်မိရပ်ဖများ၊ သင်တန်းသားများနှင့်အတူ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း၊ အဆိုပါ သင်တန်းနည်းပြ ဆရာနှစ်ဦးဖြင့် ဇူလိုင် ၂ရက်မှ ဩဂုတ် ၁၆ ရက်အထိ စာတွေ့၊ လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ပြီး ကျေးရွာများနှင့် ရပ်ကွက်များမှ သင်တန်းသား ၁၃ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၆၈)

*-*-*-*-*-*



## မန္တလေးတိုင်းဒေသကြီးအတွင်း အကျိုးအမြတ်ရှိသော နနွင်းတက်များ ပိုမိုစိုက်ပျိုးလာ

**မန္တလေး ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး အတွင်းစိုက်ပျိုးတောင်သူများ အတွက် အရောင်းအဝယ်ကောင်းမွန်သည့်အပြင် အကျိုးအမြတ်ရရှိသော နနွင်းတက်များအား ပိုမိုစိုက်ပျိုးလာကြသည်။

နနွင်းမှာ အခြောက်လှန်း၍ ထားသိုနိုင်ပြီး ကျန်းမာရေးအတွက် ကောင်းမွန်ခြင်းကြောင့် တိုင်းရင်းဆေးဝါးအတွက် ဝယ်ယူခြင်းနှင့် အလှကုန်၊ စားသောက်ကုန်အချို့တွင် ထည့်သွင်းအသုံးပြုနိုင်ခြင်းတို့ကြောင့် ဝယ်ယူသူများပြားလျက်ရှိသည်။

"နနွင်းတက်ကို ရန်ကုန်၊ မန္တလေးမှာရှိတဲ့ ပွဲရုံတွေက ဝယ်ကြတယ်၊ ဈေးကွက်ကောင်းတော့ စိုက်ပျိုးရာဒေသတွေအထိ လာရောက်ဝယ်ယူကြတယ်၊ အခုကတော့ နနွင်းက မထွက်သေးဘူး၊ ဖေဖော်ဝါရီလလောက်မှ ထွက်မှာပါ။ အခုက စတင်စိုက်ပျိုးကြတဲ့အချိန်ဖြစ်ပြီး ဈေးကွက်ကောင်းလို့ နှစ်စဉ်စိုက်ဧက တိုးလာတယ်"ဟု ကျောက်ဆည်ခရိုင်အတွင်းမှ နနွင်းစိုက်သူတစ်ဦးက ပြောသည်။

နနွင်းတက်အား မေ၊ ဇွန်လတို့တွင် စတင်စိုက်ပျိုးကြ၍ ဆည်ရေသောက်ဒေသများတွင် အများဆုံးစိုက်ပျိုးကြပြီး ဖေဖော်ဝါရီလတွင် ထွက်ရှိကြောင်း၊ နှမ်းစိုက်ခင်းနှင့် သီးညှပ်စိုက်ပျိုးမှု အများဆုံးပြုလုပ်ကြပြီး ထွက်နှုန်းလည်း ကောင်းမွန်ကြောင်း၊ ပေါင်စနစ်ဖြင့် စိုက်ပျိုးကြပြီး တစ်ဧကလျှင် ပိဿာချိန် သုံးရာကျော်ခန့် ထွက်ရှိသည်။

လက်ရှိဈေးကွက်တွင် နနွင်းတက်ဈေးနှုန်းများမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀၀ ဝန်းကျင်၊ နနွင်းမှုန့် တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ ဝန်းကျင်ရှိကြောင်း၊ ကျန်းမာရေးအနေဖြင့် နနွင်းမှုန့်အား ပျားရည်ဖြင့် ရောစပ်ကာ နေ့စဉ်သောက်သုံးခြင်းဖြင့် ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)

## မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းသင်တန်းဖွင့်လှစ်

**မန္တလေး ဇူလိုင် ၄**

မြန်မာအီလက်ထရောနစ်မဲပေးစက်ကိုင်တွယ်အသုံးပြုနည်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၁၁နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအရှေ့ရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အောင်ရာဇာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သန်းဇော်၊ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှမိုး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဦးစီးမှူးများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးဇော်ထက်နှင့် ဝန်ထမ်းများ၊ သင်တန်းသား ၅၉ ဦး တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးဇော်ထက်က သင်တန်းနှင့်ပတ်သက်သည့်အကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ သင်တန်းသားဆရာမ ၄၇၂ဦးကို သင်တန်းတစ်ကြိမ်လျှင် သင်တန်းသား ၅၉ ဦး၊ သင်တန်း ကာလ ၂ရက်စီဖြင့်၊ အကြိမ်(၈)ကြိမ်ခွဲကာ ဇူလိုင် ၃ ရက်မှ ၂၁ ရက်ထိ နံနက် ၉နာရီမှ ညနေ ၄နာရီအထိ မြန်မာအီလက်ထရောနစ် မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းများကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)(၀၉၃)




## ငလျင်ဘေးအန္တရာယ်ဆိုင်ရာ သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်

**ကျောက်ပန်းတောင်း ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးဌာနနှင့်ဌာနဆိုင်ရာများပူးပေါင်း၍ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇူလိုင် ၂ ရက် နံနက် ၉နာရီခွဲက ကျောက်ပန်းတောင်းမြို့၊ စံပြရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းလွင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်နိုင်လင်းက ငလျင်ဘေးအန္တရာယ်ဆိုင်ရာသဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ကျောင်းသား၊ ကျောင်းသူများက ငလျင်လှုပ်ခတ်နေစဉ်နှင့် ငလျင်လှုပ်ခတ်ပြီးနောက် ဆောင်ရွက်ရမည့်အချက်များအား သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လေ့ကျင့်မှုတွင်ပါဝင်ခဲ့သူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူးနှင့် ဦးစီးအရာရှိများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ချုပ်ရေးအဖွဲ့နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။



(ဝဲပုံ)

(၀၅၇)

## ညောင်ဦးဆိပ်ကမ်း၌ ဧရာဝတီမြစ်ရေ ပြန်လည်မြင့်တက်လာကာ စိုးရိမ်ရေမှတ်ရောက်ရှိရန် ၂ ပေခန့်အလို ရောက်ရှိနေ

**ညောင်ဦး ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်တွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ၂၀၆၁ စင်တီမီတာဖြစ်ရာ ဧရာဝတီမြစ်ရေမှတ်သည် စိုးရိမ်ရေမှတ် ၂၁၂၀ စင်တီမီတာသို့ ရောက်ရှိရန် ၅၉ စင်တီမီတာခန့် ၂ ပေခန့်လိုကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ခံ ဒေါ်ခင်လှနုထွေးမှ သိရသည်။

ညောင်ဦးခရိုင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ မွန်းတည့် ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ် ၂၁၂၀ စင်တီမီတာအောက်သာ ရောက်ရှိနေပြီး ၂၁၂၀ စင်တီမီတာ ရောက်ရှိရန် ၅၉ စင်တီမီတာလိုကြောင်း၊ ယနေ့ဧရာဝတီမြစ်ရေတိုင်းထွာချက်အရ ၂၀၆၁ စင်တီမီတာရှိနေကာ တဖြည်းဖြည်းတက်လာနေကြောင်း ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ် အခြေအနေများအား ညောင်ဦးမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတို့မှ သတင်းထုတ်ပြန်ပေးလျက်ရှိကြောင်း၊ ဧရာဝတီမြစ်ရေတိုင်းတာခြင်းများအား တစ်ရက်လျှင် သုံးကြိမ်တိုင်းတာပြီး စိုးရိမ်ရေမှတ်ရောက်ရှိရန် နီးကပ်လာပါက မြစ်ရေကြီးမှုသတိပေးချက် ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

(ဝဲပုံ)(၄၈၁)

# တိုင်းရင်းသားရေးရာအသိပညာပေးခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက်တို့ကို ဆန်းစစ်စိစစ်ခြင်း အစီအစဉ် ပြုလုပ်

**မကွေး ဇူလိုင် ၄**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမှ ပြုလုပ်သည့် တိုင်းရင်းသားရေးရာ အသိပညာပေးခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက်တို့ကို ဆန်းစစ်စိစစ်ခြင်း အစီအစဉ်ကို ယမန်နေ့က မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၊ နံကပ်ကျွန်းကျေးရွာအုပ်စု၊ အေးမြသာယာ (တောင်)ကျေးရွာခမ္မာရုံ၌ ကျင်းပခဲ့ရာ အဆိုပါ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးထွန်းခင်၊ မကွေးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန မကွေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး တာဝန်ခံညွှန်ကြားရေးမှူး ဒေါ်မြတ်သန္တာဝင်းက ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ရေး၊ လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးရေးဆိုင်ရာအကြောင်းအရာများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့က သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးအသိပညာပေးဟောပြောခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီးက အသိပညာဟောပြောပေးကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံ တိုင်းရင်းသားများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနက စစ်တမ်းကောက်ယူရသည့် ရည်ရွယ်ချက်နှင့် စစ်တမ်းဖြည့်စွက်ရမည့် နမူနာပုံစံအား ရှင်းလင်းပြောကြား၍ စစ်တမ်းကောက်ယူခဲ့ပြီး မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီးက နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**မောင်နိုင်မင်း(မြန်ဆက်)**

✱–✱–✱–✱–✱–✱



# ၂၀၂၅ ခုနှစ် (ဒုတိယအကြိမ်) မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ရပ်စောက် ဇူလိုင် ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ် စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရန်အတွက် ၂၀၂၅ ခုနှစ် (ဒုတိယအကြိမ်) မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇူလိုင် ၁ ရက် နံနက် ၈ နာရီက ရပ်စောက်-ပင်းတယ သွားလမ်းတောင်ဘက်၊ မြို့အဝင်ဆိုင်းဘုတ်အနီး၊ အင်းခေါင်းကန်ရေဝေရေလဲ ဧရိယာအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဗထူးတပ်နယ်မှူး ဗိုလ်မှူးချုပ် နိုင်ဇော်ဦးက မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအတွက် အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးမည့် သစ်ပင်များအား ဗထူးတပ်နယ်မှူးနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများထံသို့ ပေးအပ်ခဲ့သည်။

ထို့နောက် ဗထူးတပ်နယ်မှူးနှင့် တပ်ရင်းတပ်ဖွဲ့များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများက သတ်မှတ်နေရာများအလိုက် ပိတောက်ပင် ၅၇၀၊ မျောက်ငိုပင် ၆၄၇၊ ခါတော်မီပင် ၅၀၀၊ ထင်းရှူးပင် ၅၈၀၊ ယမနေပင် ၄၉၈၊ စိန်ပန်းနီပင် ၆၁၂၊ မဟော်ဂနီပင် ၅၉၃ စသည့် အမျိုးအစား ခုနစ်မျိုး၊ အပင်စုစုပေါင်း ၄၀၀၀ ကို စိုက်ပျိုးခဲ့ကြသည်။

ထိုသို့ သစ်ပင်စိုက်ပျိုးနေမှုများအား ဗထူးတပ်နယ်မှူးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)(၃၆၈)

# လျှော်ဘေးအန္တရာယ် အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြခြင်း ပြုလုပ်

**တောင်တွင်းကြီး ဇူလိုင် ၄**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကြိုတင်ခန့်မှန်း၍မရသော လျှော်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် နေထိုင်ပြုမူရမည့် အသိပညာ၊ ဗဟုသုတများကို လေ့လာသိရှိထားစေရန် ရည်ရွယ်၍ လျှော်ဘေးအန္တရာယ် အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်းကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပေလေးပင်ခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး ဦးခင်မောင်ရီက လျှော်ဘေးအန္တရာယ်သည် ကြိုတင်ခန့်မှန်းနိုင်မှုမရှိကြောင်း၊ နေ့ ည အချိန်မရွေးလှုပ်ခတ်နိုင်ပြီး အဖျက်စွမ်းအားကြီးမားသည့် လျှော်၏ သဘောသဘာဝများ၊ လျှော်ကြောင့် အသက်အန္တရာယ်ကင်းရှင်းနိုင်ရေးအတွက် နေထိုင်ပြုမူရမည့်အချက်များ၊ လျှော်လှုပ်နေစဉ်နှင့် လျှော်လှုပ်ခတ်ပြီးနောက် ဆောင်ရွက်ရမည့်အချက်များအား အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် လျှော်ဘေးသဏ္ဌာန်တူ ဆောင်ရွက်မှုအဖြစ် လျှော်လှုပ်ခတ်ခြင်းအကြောင်းအချက်ပေးခြင်းနှင့်အတူ ကျောင်းသား၊ ကျောင်းသူများက အဆောက်အအုံနှင့် ကင်းလွတ်ရာ ကွင်းပြင်နေရာများတွင် နေရာယူခြင်း၊ လျှော်လှုပ်ခတ်နေစဉ်အတွင်း ဝပ်၊ ကာ၊ ကိုင် ပုံစံဖြင့် နေထိုင်ပုံကို သရုပ်ပြသခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများကလည်း လက်တွေ့လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**နောင်နောင်(မိဿနိုးမြေ)**

# အခြေခံရပ်ရွာအခြေပြု စက်ချုပ်သင်တန်းဖွင့်လှစ်

**ရှားင် ဇူလိုင် ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းမှ အိမ်တွင်းမှုပညာရပ်များဖြင့် ကျွမ်းကျင်လုပ်သားများဖြစ်လာပြီး မိမိကိုယ်တိုင်ရပ်တည်နေထိုင်ကာ အမျိုးသား၊ အမျိုးသမီးများမိသားစုအိမ်တွင်း တစ်နိုင်စီးပွားပြုနိုင်ရန် ရည်ရွယ်၍ အိမ်တွင်းမှုသက်မွေးပညာရပ်များ တက်မြောက်စေရန်အလို့ ငှာ အခြေခံရပ်ရွာအခြေပြု စက်ချုပ်သင်တန်းကို ဇွန် ၂၃ရက်မှစ၍ လူထုအခြေပြုဗဟိုဌာန၌ သင်ကြားပို့ချလျက်ရှိသည်။

ရွာငံမြို့နယ် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းမှ အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းမှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဒေသတွင်းအလုပ်အကိုင်ရရှိရေးအတွက် ရွာငံမြို့နယ်အနေဖြင့် နှစ်စဉ်သင်တန်းသူ ၁၀၀ ကို အိမ်တွင်းမှုဘာသာရပ် ၁၁ မျိုးဖြင့် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသောကြောင့် မိသားစုအပိုဝင်ငွေတိုးတက် ရရှိကြသည်။ အခြေခံ သင်တန်းမှစ၍ အဆင့်မြင့်သင်တန်း၊ အထူးသင်တန်း၊ ဒီဇိုင်းပညာသင်တန်း ကျွမ်းကျင်အဆင့်အထိ တက်ရောက်သင်ကြားနိုင်ပြီး သင်တန်းတွင် သုံးလွှာစကပ်၊ လေးလွှာစကပ်၊ ချိတ်ထဘီ၊ ဘောင်းဘီရှည်၊ ရင်စေ့လည်ပိုင်း၊ နောက်ကွဲဇစ်ပျောက်၊ ရင်ဖုံး၊ သဘော်သားအင်္ကျီများကို ဘာသာရပ်ရှစ်မျိုးဖြင့် ဇွန် ၂၃ရက်မှ ဇူလိုင် ၁၆ရက်အထိ သင်တန်းသူ ၁၇ ဦးကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)(၃၃၈)



# လယ်ယာထွက်ကုန်လုပ်ငန်းများသယ်ယူသည့် ကုန်ထုတ်တံတားတစ်စင်းအား ပြန်လည်ပြုပြင်

**ကျောက်ဆည် ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် စိုက်ပျိုးသီးနှံမျိုးစုံရေလုံလောက်စွာ ပေးဝေနိုင်ရေး မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ပြန်လည်ပြုပြင်သင့်သည့် ရေပြွန်များ၊ ရေတံခါးများ၊ ရေကျ အဆောက်အအုံများအား ပြန်လည်ပြုပြင်ခြင်း၊ တိမ်ကောနေသည့် မြောင်းများအား တူးဖော်ခြင်း၊ မြောင်းဆလံများအား ကျောက်သားနံရံစီခြင်း၊ ရေပေးဝေရေးမြောင်းများပေါ်တွင် ဆောက်လုပ်ထားသော ကုန်ထုတ်တံတားများ ပြန်လည်ပြုပြင်ပေးခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကွမ်းဆေးမြောင်းမှ ကုန်ထုတ်တံတားတစ်စင်းအား ပြန်လည်ပြုပြင်ပေးခဲ့သည်။

အဆိုပါကုန်ထုတ်တံတားသည် ကျောက်ဆည်မြို့နယ် သမန္တလင်းကျေးရွာအနီး ကွမ်းဆေးမြောင်း၏ ပေတိုင်အမှတ် (၄၀+၂၀၀၀)တွင် တည်ရှိပြီး တံတားသည် နှစ်ကာလကြာမြင့်ပြီ ဖြစ်သောကြောင့် တံတားကြမ်းခင်းများ ခိုင်ခံ့မှုမရှိခြင်း၊ လက်ရမ်းများ ပျက်စီးပြီး ယာဉ်သွားလမ်း ကျဉ်းမြောင်းခြင်း၊ မော်တော်ဆိုင်ကယ်များ သွားလာရာ၌ အန္တရာယ်ရှိခြင်း၊ တောင်သူများ၏ လယ်ယာထွက်ကုန်များ သယ်ယူရာတွင် အခက်အခဲဖြစ်ပေါ်နေခြင်းတို့ကြောင့် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် သန်း၂၀ အကုန်အကျခံကာ ဇွန် ၁ ရက်မှစတင်၍ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အလျား ၃၂ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၈ပေဖြင့် ပြန်လည်ပြုပြင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

(၄၈၅)

## အာရှဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ မြန်မာနှင့် ဘာရိန်း လက်ရွေးစင်အသင်းတို့ ခြေစစ်ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၄

၂၀၂၆ခုနှစ် အာရှဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ၏ အုပ်စု (C) ခြေစစ်ပွဲစဉ်အဖြစ် မြန်မာအမျိုးသမီး လက်ရွေးစင်ဘောလုံးအသင်းနှင့် ဘာရိန်းလက်ရွေးစင်ဘောလုံးအသင်းတို့၏ ခြေစစ်ပွဲကို ဇူလိုင် ၅ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်ကို ယင်းနေ့ ညနေ ၃ နာရီ ၄၅ မိနစ်မှ စတင်၍ MRTV HD Channel၊ MRTV Parliament Channel ၊MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။ သတင်းစဉ်

# အမည်မည်းစာရင်း ကြေညာခြင်း

(ယမန်နေ့မှအဆက်)

## ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ပို့ကုန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ခြင်းမရှိသည့် ကုမ္ပဏီများစာရင်း

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာ အဖွဲ့ဝင်အမည် | ကုမ္ပဏီလိပ်စာ | နိုင်ငံသား စိစစ်ရေးကတ်မှတ် |
|---|---|---|---|---|
| ၁၄၅ | SEE SEINN SAN MINING CO.,LTD. | U Than Htay | Bo Myat Tun Street, No. (116/118), (6B) (5) Quarter, Botataung Township, Yangon | 12/KAMAYA(N)002161 |
| | | Daw Thu Zar Thet | | 12/OUKAMA(N)183209 |
| ၁၄၆ | SEINUS CLIQ FASHION COMPANY LIMITED. | KIM HYUK KEE | No.21, R-2 Street, Yangon Industrial Zone, Mingaladon Garden City Mingaladon Township, Yangon | M32089599 |
| | | LEE YUN CHUL | | M55038473 |
| ၁၄၇ | SETTLER INTERNATIONAL TRADING CO., LTD. | Daw Aye Aye Aung | Aung Thit Sar Street, Between 51x52 Street, No.28 (Za Za-20), Chan Mya Thar Si Township, Mandalay | 14/PATHANA(N)244218 |
| ၁၄၈ | SHOGUN COMPANY LIMITED. | U Tin Tun Aung | Anawyatar Street, No.16/B 14 Quarter/ Yankin Township, Yangon | 9/PAOULA(N)003092 |
| ၁၄၉ | SHWECHY NGWE CHY CO.,LTD. | Daw Wai Htike Htike Soe | Building No.22, Room No. 201, Aung Thapyae Street, Thatyar Gone Quarter, Minglar Taung Nyunt T/S, Yangon | 12/LAMANA(N)008368 |
| | | Daw Nay Chy Lin | | 12/MAYAKA(N)116657 |
| | | U Myatt Thura | | 12/PABATA(N)014064 |
| ၁၅၀ | SHWE KHAING BUSINESS GROUP COMPANY LIMITED. | Daw Htet Htet Soe | Thanthumar Road, 642 Ward 10/ South Okkalapa Township, Yangon<br>Kabaraye Pagoda Road, B-604 Sayar San Quarter/ Bahan Township, Yangon | 12/OUKATA(N)154482 |
| | | U Khaing Linn Thu | | 12/SAKHANA(N)062669 |
| | | Daw Khin Thida Aung | | 6/THAYAKHA(N)000026 |
| ၁၅၁ | SHWE NAUN MONN COMPANY LIMITED. | Daw Nang Kham Lao Laing | Near Pyi Htaung Su Road, No. (F/2-3), Mansu Shop House 3RD Floor Ward (8), Larshio Township, Shan State | 13/LAYANA(N)108675 |
| | | U Sai Tun Tin | | 13/LAYANA(N)038450 |
| ၁၅၂ | SHWE PYAE HEIN SHAN COMPANY LIMITED. | U Htun Min | (39) Street, No. (115), 4th Floor, (8) Ward, Kyauktada Township, Yangon | 12/MAYAKA(N)150736 |
| | | U Htut Aung Wai | | 12/MAGADA(N)146555 |
| | | U Myo Min Hein | | 12/OUKATA(N)153338 |
| ၁၅၃ | SHWE SATKYAR WIN MINING COMPANY LIMITED | Daw Nan Si Win | Between 13th Street & Phone Gyi Street, Strant Road, No. (514), (7) Floor, Lanmataw Township, Yangon | 13/TAKHALA(N)004807 |
| | | Mr.OPAS YANSOMBOON | | AB2443553 |
| | | Mr. SURIYASAK BUNTITAWAT | | AA7559032 |
| | | U Sai Sam Tit | | 13/TAKHALA(N)039489 |
| ၁၅၄ | SHWE SOE MOE TRADING COMPANY LIMITED. | Daw War War Moe | Sakawar Street, Industrial Zone No. (L-5/6/10/11), Mandalay, Mandalay Nweyone Village, Shwe tharaphu Quarter, Sint Ku Township, Mandalay | 8/YANAKHA(N)007677 |
| | | U Hla Moe | | 8/YASAKA(N)000077 |
| ၁၅၅ | SHWE THARABAR COMPANY LIMITED. | U Maung Maung Moe Kyaw Se | Si Pin Thar Yar Street, Parami Avenue, No.(5)(9) Ward, Mayangone, Yangon | 9/MALANA(N)084955 |
| ၁၅၆ | SHWE YATI SAN COMPANY LIMITED. | U San Yu | The Phyu Chaung Village, No. (185), Htan Pin Chaung Village Group, Inntakaw Township, Bago | 11/SATANA(N)003174 |
| | | U Thet Min Htut | | 14/HATHATA(N)224198 |
| ၁၅၇ | SHYANG JHUO YUE CO.,LTD. | Hung, CHI-SHEN | Anawyahtar Industrial Zone, K-9 Hlaing Thar Yar Township, Yangon | 313860410 |
| | | KO, LI-CHEN | | 302802398 |
| | | LIU, PI-LIEN | | 302398106 |
| | | OH, YU-MI | | TR5583069 |
| | | TSENG, RONG-SHI | | 303942453 |
| ၁၅၈ | SOE PYAE KYAW COMPANY LIMITED. | U Aung Hsan Oo | Highway Bus Station, Room No.(E-10) Myaynigone Ward, Mawlamyaing Township, Mon State | 10/MALAMA(N)107295 |
| | | U Nay Linn Htet | | 10/MALAMA(N)242052 |
| | | U Nyan Soe | | 3/PAKANA(N)002321 |
| ၁၅၉ | SONO SMART LINK TECHNOLOGY (MYANMAR) CO.,LTD. | BAI SHA | Myay Thaing Block No. (143/1), Unit # A-003, A-004, Plot No. 5 South Dagon Myo Thit Township, Yangon | E56586731 |
| | | HU SHENGQI | | EF0540861 |
| | | REN LIMING | | G55116732 |
| | | ZHONG LEI | | G47750330 |
| ၁၆၀ | STELLA MARIS CORPORATION COMPANY LIMITED. | Daw Theint Zon Yale Hlaing | Bohmu Ba Htoo Street, No. B/K,A1, Room No. 503, Bohmu Ba Htoo Housing Compiex Ward No. 48, North Dagon Township, Yangon | 12/LAKANA(N)215246 |
| | | PARK KISANG | | M31060516 |
| | | U Soe Tin | | 14/NGAPATA(N)057759 |
| ၁၆၁ | SUN FOREST COMPANY LIMITED. | Daw Sharr Kyu | Tuumyaung Village, Plot No. Ka Thaine Kwin, U Paing Lote Kwat (77), Yae Township, Yangon | 13/MASATA(N)032781 |
| ၁၆၂ | SUN HO FOOD COMPANY LIMITED. | CHOI YOUNG SOON | Kan Oo Street, No;(398), Ground Floor (B) Lay Dauk Kan Quarter, Thingangyun Township, Yangon | M76221134 |
| | | U Thet Paing Tun | | 13/KALANA(N)108485 |
| ၁၆၃ | SUPER K STAR COMPANY LIMITED. | Daw Than Than Aye | West Shwe Gone Daing Road, Room No.9F, 9th Floor, Dagon Tower, Yaetarshae Ward, Bahan Township, Yangon | 12/KAMATA(N)030811 |
| | | Daw Thandar Myint | | 12/MAYAKA(N)144799 |
| | | U Myint Thein | | 12/KAMATA(N)030818 |
| ၁၆၄ | SWE ZIN HTUN COMPANY LIMITED. | Daw Swe Zin Saw @ Sarasu | No. 62/68(B), (8) Floor, Shwe Bonthar Street, (6) Ward, Pabedan Township, Yangon | 8/KHAMANA(N)009964 |
| | | U Saw Naing Aye | | 12/OUKATA(PYU)000663 |
| | | U Win Moe Oo | | 12/THAKATA(N)168670 |
| ၁၆၅ | SY-TECH COMPANY LIMITED | Daw Khin Ohmar Myo | Min Ye Kyaw Swar Street, No (18), 14-Ward, Kyauk Gone, Yankin Township, Yangon | 12/OUKAMA(N)016910 |
| ၁၆၆ | TAOKAE (2019) COMPANY LIMITED. | U Saw Min Phone Oo | Hwayshan, No. (5/84) Myawaddy, Kayin State | 3/MAWATA(N)012666 |

ဆက်လက်ဖော်ပြပါမည်

# စားသုံးသူပြည်သူများ နစ်နာဆုံးရှုံးမှုမရှိစေရန် ၁၅၃၅ ကို ဖုန်းခေါ်ဆိုနိုင်

**မန္တလေး ဇူလိုင် ၄**

စားသုံးသူပြည်သူများ နစ်နာဆုံးရှုံးမှုမရှိစေရန် ၁၅၃၅ ကို ဖုန်းခေါ်ဆိုကာ တိုင်ကြားနိုင်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

ကုန်စည်(သို့မဟုတ်)ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ စားသုံးသူပြည်သူများအနေဖြင့် နစ်နာဆုံးရှုံးမှုများကို တိုင်ကြားလိုပါက စားသုံးသူရေးရာဦးစီးဌာန၏ (Consumer Call Center-1535) နံပါတ်ကိုခေါ်ဆိုကာ နစ်နာဆုံးရှုံးမှုများအတွက် တိုင်ကြားနိုင်သည်ဟု သိရသည်။

စားသုံးသူရေးရာဦးစီးဌာနသည် ကုန်စည် (သို့မဟုတ်) ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ စားသုံးသူ ပြည်သူများအနေဖြင့် နစ်နာဆုံးရှုံးမှုများကို အရေးဆိုတိုင်ကြားလိုပါက စားသုံးသူကာကွယ်ရေးဥပဒေ(၂၀၁၉)နှင့်အညီ တိုင်ကြားမှုများအား လက်ခံဖြေရှင်းအရေးယူဆောင်ရွက်လျက်ရှိရာ စားသုံးသူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာနသို့ ဆက်သွယ်တိုင်ကြားနိုင်သည့် နည်းလမ်းများစွာရှိသည့် အနက် အလွယ်ကူဆုံးနှင့် ထိရောက်မြန်ဆန်မှုရှိသည့် နည်းလမ်းသည် Consumer Call Center 1535 ပင်ဖြစ်သည်ဟု စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။**(အောက်ပုံ)**

စားသုံးသူရေးရာဦးစီးဌာန မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးသို့ ဆက်သွယ်မေးမြန်းတိုင်ကြားလိုပါက (Consumer Call Center-1535-3)ကို ကြိုက်နှစ်သက်ရာ အော်ပရေတာ ဖုန်းနံပါတ်များဖြင့် ခေါ်ဆိုနိုင်ပြီး တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ အစိုးရရုံးဖွင့်ရက်များတွင် ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၅)**






## လူကောင်းလူတော်

\- - - - - - - - - - - - -

* ဒေါင်ဒေါင်ဒင်ဒင် ခေါင်းလောင်းထိုးလို့
ကျောင်းတက်ပြီမို့ စာသင်ခန်းဝင်
တန်းပိုင်ဆရာမ ဝင်လာခဏ
ညီညီညာညာ နှုတ်ဆက်ကြ
မင်္ဂလာပါ ဆရာမ ။

* ဆရာမ စာသင်ရာ ဂရုစိုက်ကာ နားထောင်ပါ
ဖတ်ပါ၊ မှတ်ပါ၊ ကျက်ပါမှ
စာမေးပွဲလည်း အောင်မည်ပ။

* စည်းကမ်းလိုက်နာ ကျောင်းတော်မှာ
ယဉ်ကျေးလိမ္မာပြုမူပါ
ချစ်ခင်ပျူငှာ နေထိုင်ကြ
ညီအစ်ကိုမောင်နှမ။

* လူကောင်းလူတော် ကျိုးရည်မျှော်
ကျောင်းသား၊ ကျောင်းသူအပေါ်
အနာဂတ်မှာ ခေါင်းဆောင်ဖြစ်
နိုင်ငံ့မျိုးဆက်သစ်။ ။

ကျော်ကြီး(ကချင်မြေ)



# ကျေးရွာချင်းဆက်လမ်းပေါ်ရှိ RC ကွန်ကရစ်တံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေး

**တောင်တွင်းကြီး ဇူလိုင် ၄**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေကျပ် ၂၈၀ သန်းဖြင့် ဌာနမှ တာဝန်ယူဆောင်ရွက်နေသည့် တောင်တွင်း-အောင်လံကားလမ်းမကြီးမှ ရွာသစ်ကျေးရွာချင်းဆက်လမ်းပေါ်ရှိ အရှည်ပေ ၄၀ တံတား Bore Pile လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)နေပြည်တော် စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲမှ အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးခိုင်မင်းစိုး၊ လုပ်ငန်းတာဝန်ခံ ဦးစီးအရာရှိ (မြို့ပြ) ဦးဇော်ထွန်းကျော်နှင့် တာဝန်ရှိသူများက RC ကွန်ကရစ်တံတားအား သတ်မှတ်စံနှုန်းများအတိုင်း အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ထားခြင်းရှိ၊ မရှိ ဇူလိုင် ၃ ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ RC ကွန်ကရစ်တံတား တည်ဆောက်ပြီးစီးပါက ရွာသစ်ကျေးလက်နေ ဒေသခံပြည်သူများ၏ ဒေသထွက်သီးနှံများ ရောင်းဝယ်ရေး၊ ကျန်းမာရေး၊ ပညာရေး ကိစ္စရပ်များအတွက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူအဆင်ပြေသွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**နောင်နောင်(ဗိဿနိုးမြေ)**

၀-၀-၀-၀-၀-၀-၀

# လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ ဆောင်ရွက်

**လဲချား ဇူလိုင် ၄**

ရှမ်းပြည်နယ်တောင်ပိုင်း၊ လဲချားမြို့နယ် အခြေခံပညာမူလတန်းကျောင်း(နောင်မိန်း)တွင် အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီးက အမှာစကား ပြောကြားခဲ့ပြီး ဦးစီးအရာရှိ ဒေါ်ခင်ချိုထွေးက ကျောင်းသား၊ ကျောင်းသူလူငယ်များ အသိပညာဗဟုသုတ တိုးပွားစေရန်အတွက်ရည်ရွယ်၍ အခြေခံပညာကျောင်းများကို အလှည့်ကျစနစ်ဖြင့် ယခုလို ပြပွဲများ၊ ပြိုင်ပွဲများ၊ ဟောပြောပွဲများ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးများ၊ လူကုန်ကူးခံရမှုအန္တရာယ်များ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူးယစ်ဆေးအန္တရာယ် အသိပညာပေး၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များ ပြသခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




# အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**အောင်လံ ဇူလိုင် ၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီက အောင်လံမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အောင်လံခရိုင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့(CPU) အဖွဲ့ခေါင်းဆောင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင်အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(CPU) အဖွဲ့ဝင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ညီညီထွန်းက အဂတိလိုက်စားမှု အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ရှင်းလင်းဆွေးနွေးခဲ့သည်။



ထို့နောက် ခရိုင်အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့(CPU) အဖွဲ့ဝင် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးထင်ကျော်သူက အဂတိလိုက်စားမှုနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ လုပ်ငန်းများ ဆက်စပ်ပတ်သက်ဆောင်ရွက်ချက်များကိုပြောကြားခဲ့ပြီး ခရိုင်အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(CPU) အဖွဲ့ဝင် ခရိုင်ဥပဒေအရာရှိ ဒေါ်အေးအေးသွယ်က အဂတိလိုက်စားမှုနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသည့် ပုဒ်မများအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ခရိုင်အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့(CPU) အဖွဲ့ဝင် ခရိုင်စာရင်းစစ်ရုံးမှ စာရင်းစစ်မှူး ဒေါ်နန္ဒာက အဂတိလိုက်စားမှုနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး ခရိုင်အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့(CPU) အဖွဲ့ဝင် ဦးစီးအရာရှိ ဦးသိန်းဦးက အခွန်ရှောင်ရှားခြင်း၊ တိမ်းရှောင်ခြင်းတို့သည် အဂတိလိုက်စားမှုဖြစ်ကြောင်း ဆွေးနွေးခဲ့ပြီး ခရိုင်အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) အဖွဲ့ဝင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဦးစိုးထွန်းက အဂတိလိုက်စားမှုနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**အာကာ(ပြန်/ဆက်)**

# ဇွန်လအတွင်း ဂျာမနီနိုင်ငံ၌ တက်စလာကုမ္ပဏီ၏ ကားရောင်းချမှု ၆၀ ရာခိုင်နှုန်း ကျဆင်း

ဘာလင် ဇူလိုင် ၄

ဂျာမနီနိုင်ငံ၌ ဇွန်လအတွင်း တက်စလာကုမ္ပဏီ၏ ကားရောင်းချရမှုမှာ လျှပ်စစ်ကားမှတ်ပုံတင်မှု မြင့်မားလာသော်လည်း ယမန်နှစ်ကနှင့် နှိုင်းယှဉ်လျှင် ရောင်းအား ၆၀ ရာခိုင်နှုန်း ကျဆင်းသွားသည်ဟု ဂျာမနီနိုင်ငံ၏ မော်တော်ကားအာဏာပိုင်အဖွဲ့(ကေဘီအေ)၏ ဇူလိုင် ၃ ရက်ထုတ်ပြန်ချက်အရ သိရသည်။

ဇွန်လအတွင်း အမေရိကန် လျှပ်စစ်ကား ထုတ်လုပ်ရေးကုမ္ပဏီ ဖြစ်သည့် တက်စလာသည် ကားအစီးရေ ၁၈၆၀ ရောင်းချနိုင်ခဲ့ပြီး ယမန်နှစ်ကနှင့် နှိုင်းယှဉ်လျှင် ရောင်းအားမှာ ၄၆၄၅ စီး ကျဆင်းသွားသည်။

၂၀၂၅ ပထမနှစ်ဝက်ကာလအတွင်း ဂျာမနီနိုင်ငံ၌ တက်စလာ၏ ကားရောင်းချရမှုမှာ ၈ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းသွားသည်။

ဆန့်ကျင်ဘက်အားဖြင့် နိုင်ငံအတွင်း လျှပ်စစ်ကားမှတ်ပုံတင်မှုမှာ ဇွန်လအတွင်း ၈ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်ဟု ကေဘီအေ၏ အချက်အလက်များအရ သိရသည်။



တက်စလာသည် ဥရောပရှိ ပြိုင်ဘက်များကို ဆက်လက်ရှုံးနိမ့်နေသည့်အတွက် ယခုလို ရောင်းအားကျဆင်းလာခြင်း ဖြစ်သည်။ ဇွန်လအတွင်း တက်စလာ၏ ကားရောင်းအားကျဆင်းမှုမှာ ပြင်သစ်၊ ဆွီဒင်၊ ဒိန်းမတ်နှင့် အီတလီနိုင်ငံတို့တွင် ခြောက်လဆက်တိုက် ရောင်းအား ကျဆင်းလာခြင်းလည်းဖြစ်သည်။ ပြိုင်ဘက်ကုမ္ပဏီများ၏ ကားမော်ဒယ်အသစ်များ မိတ်ဆက်လာမှုကြောင့်လည်း ယခုလို သက်ရောက်မှုဖြစ်ပေါ်လာခြင်းဖြစ်သည်။

ဆင်ဟွာ

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



## ဂျပန်နိုင်ငံရှိ လျှင်လှုပ်ခတ်ခဲ့သည့်ကျွန်းမှ ဒေသခံများ ဘေးလွတ်ရာသို့ပြောင်းရွှေ့

တိုကျို ဇူလိုင် ၄

ဂျပန်နိုင်ငံ၌ ဇူလိုင် ၄ ရက် နံနက်ပိုင်းတွင် တိုရီးမားကျေးရွာမှ ဒေသခံများသည် သင်္ဘောဖြင့် ထွက်ခွာခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံ ကျွန်းငယ်တစ်ခုမှ ဘေးလွတ်ရာ သို့ ပြောင်းရွှေ့သူများသည် ကျူရှူး၏ အနောက်တောင်ပိုင်းဒေသရှိ ပြည်နယ်၏မြို့တော်သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

တိုရီးမားကျေးရွာ အာကုဆဲခိဂျီးမားကျွန်းမှ ဒေသခံ ၁၃ ဦးကို တင်ဆောင်လာသည့် ဖယ်ရီတစ်စင်းသည် ကျွန်းမှထွက်ခွာလာပြီးနောက် ၁၁ နာရီခန့် အကြာ ဇူလိုင် ၄ ရက် ညနေ ၆ နာရီမတိုင်မီ ကာဂိုရှီးမား ဆိပ်ကမ်းမြို့သို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ ဘေးလွတ်ရာပြောင်းရွှေ့သူများသည် ဟိုတယ်တစ်လုံး သို့မဟုတ် ဆွေမျိုးများ၏နေအိမ်တွင် နေထိုင်ဖွယ်ရှိကြောင်း သိရသည်။

### အခြားဖယ်ရီဝန်ဆောင်မှုကိုလည်း စီစဉ်ထား

ယင်းပြောင်းရွှေ့မှုမှာ သီတင်းပတ် တစ်ပတ်ခန့်ကြာမြင့်ရန် ခန့်မှန်းထားသော်လည်း အခြေအနေပေါ်မူတည်၍ အချိန်ပိုမိုကြာမြင့်မည်ဟုလည်း ယူဆနိုင်ကြောင်း ကျေးရွာတာဝန်ရှိသူများက ပြောကြားသည်။ ပြောင်းရွှေ့လိုသည့် ဒေသခံများအတွက် ဇူလိုင် ၇ ရက်တွင် အခြားဖယ်ရီဝန်ဆောင်မှုကိုလည်း စီစဉ်ထားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဇွန် ၂၁ ရက်မှစကာ ဂျပန်နိုင်ငံ အာကုဆဲခိဂျီးမားကျွန်းအနီးတစ်ဝိုက် ငလျင်လှုပ်ခတ်မှုများ မြင့်တက်လာကြောင်း သိရသည်။

### ငလျင်များ ထပ်မံလှုပ်ခတ်

အဆင့် ၆ အောက် ငလျင်များ ထပ်မံလှုပ်ခတ်နိုင်သည့်အတွက် သတိရှိရန်နှင့် မြေပြိုမှုများ ဖြစ်ပေါ်နိုင်သည့်မိုး ရွာသွန်းနိုင်ကြောင်း ဒေသခံများကို အာဏာပိုင်များက သတိပေးတိုက်တွန်းထားသည်။

အင်န်အိတ်ချ်ကေ

# သမ္မတ ဒေါ်နယ်လ်ထရမ့်၏ အကြီးစားအခွန်နှင့် အသုံးစရိတ် ဥပဒေကြမ်းကို အောက်လွှတ်တော်က ထောက်ခံမဲ ၂၁၈ မဲ၊ ကန့်ကွက်မဲ ၂၁၄ မဲဖြင့် အတည်ပြု



ဝါရှင်တန် ဇူလိုင် ၄

သမ္မတဒေါ်နယ်လ်ထရမ့်၏ အကြီးစားအခွန်နှင့် အသုံးစရိတ် ဥပဒေကြမ်းကို ၎င်း၏ပြည်တွင်းရေးဆိုင်ရာ လုပ်ငန်းစဉ်များအတွက် အရေးပါပြီး ခက်ခက်ခဲခဲရရှိခဲ့သည့် အောင်ပွဲတစ်ခုအဖြစ် အမေရိကန်ကွန်ဂရက်က အတည်ပြုပေးလိုက်ပြီဖြစ်သည်။

ကက်ပီတောလ်လွှတ်တော်တွင် ပင်ပန်းခဲယဉ်းစွာ အစည်းအဝေးပြုလုပ်ခဲ့ပြီးနောက် ဇူလိုင် ၃ ရက် မွန်းလွဲပိုင်းတွင် အောက်လွှတ်တော်က ထောက်ခံမဲ ၂၁၈ မဲ၊ ကန့်ကွက်မဲ ၂၁၄မဲဖြင့် ဥပဒေကြမ်းကို အတည်ပြုခဲ့သည်။ အထက်လွှတ်တော်ကမူ မဲတစ်မဲအသာဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။

ထရမ့်သည် ဥပဒေအဖြစ် လက်မှတ်ရေးထိုးနိုင်ရန် ဥပဒေကြမ်း၏ နောက်ဆုံးမူကို ၎င်းထံသို့ ပေးပို့ရန်အတွက် ရီပတ်ဘလစ်ကန်များ လွှမ်းမိုးထားသည့် ကွန်ဂရက်ကို ဇူလိုင် ၄ ရက်နေ့ နောက်ဆုံးဟု သတ်မှတ်ပေးခဲ့သည်။

လာမည့် ၁၀ နှစ်အတွင်း ယင်းဥပဒေကြောင့် ဖက်ဒရယ်အစိုးရ၏ အကြွေးပိုများကို ဒေါ်လာ ၃ ဒသမ ၃ ထရီလီယံ (ပေါင် ၂ ဒသမ ၄ ထရီလီယံ) ထပ်တိုးစေနိုင်ပြီး လူသန်းပေါင်းများစွာကို ကျန်းမာရေးစောင့်ရှောက်မှုမရှိဘဲ ဖြစ်စေလိမ့်မည်ဟု ကွန်ဂရက်အသုံးစရိတ်ရုံးက ခန့်မှန်းသော်လည်း ထိုခန့်မှန်းချက်ကို အိမ်ဖြူတော်က ငြင်းဆိုထားကြောင်းသိရသည်။ Mon

## နွေရာသီအစောပိုင်း အပူလှိုင်းဒဏ် ဆက်လက်သက်ရောက်နေရာမှ ဂရိနိုင်ငံ၌ တောမီးလောင် လူ ၁၅၀၀ ကျော် ဘေးလွတ်ရာသို့ ပြောင်းရွှေ့

အေသင် ဇူလိုင် ၄

ဥရောပတောင်ပိုင်းတွင် နွေရာသီအစောပိုင်း အပူလှိုင်းဒဏ်ဆက်လက် သက်ရောက်နေရာမှ ဂရိနိုင်ငံ ခရီတေကျွန်းပေါ်၌ ဖြစ်ပွားခဲ့သော တောမီးကြောင့် လူပေါင်း ၁၅၀၀ ကျော်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အဆိုပါမီးသည် ယမန်နေ့ညနေပိုင်းက ကျွန်း၏ အရှေ့တောင်ဘက်ကမ်းရိုးတန်းရှိ လေရာပေထရာမြို့အနီးတွင် စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အေသင်မြို့တော်မှ စေလွှတ်ခဲ့သော မီးသတ်သမား အနည်းဆုံး ၂၃၀ ဦး ဇူလိုင်၃ရက် ညပိုင်းအထိ မီးငြိမ်းသတ်ရန် ကြိုးပမ်းခဲ့သည်။

စပိန်နိုင်ငံ အရှေ့မြောက်ပိုင်း ကာတာလိုနီးယားဒေသတွင်မူ တောမီးကြောင့် လူအနည်းဆုံး နှစ်ဦးသေဆုံးခဲ့ပြီး ပြင်သစ်နှင့် အီတလီနိုင်ငံတို့တွင်လည်း ယခုသီတင်းပတ်အတွင်း အပူချိန်နှင့် ဆက်စပ်သော သေဆုံးမှုများကို မှတ်တမ်းတင်ခဲ့ရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ပျံ့နှံ့ခဲ့သော ခရီတေတောမီးသည် နေအိမ်များနှင့် ဟိုတယ်များသို့ ကူးစက်ခဲ့ပြီး ဒေသခံဒါဇင်ပေါင်းများစွာနှင့် ခရီးသွားများကို လေရာပေထရာမြို့ရှိ မိုးလုံလေလုံအားကစားကွင်းသို့ ဘေးလွတ်အောင်ပြောင်းရွှေ့ပေးခဲ့သည်ဟု သက်ဆိုင်ရာအာဏာပိုင်များက ပြောကြားကြောင်း သိရသည်။

Mon

STOP AIDS



## အမေရိကန်ဒေါ်လာအပေါ် ဖိအားများ တိုးလာပြီးနောက် ယူရိုနှင့် ယန်းငွေအပေါ် အားသာချက်များ လျော့ကျသွား

ဝါရှင်တန် ဇူလိုင် ၄

သမ္မတ ဒေါ်နယ်လ်ထရမ့်က ၎င်း၏ထင်ရှားသော အခွန်လျှော့ချရေး ဥပဒေကြမ်းကို နောက်ဆုံးအဆင့် အတားအဆီးမှ ကျော်လွှားနိုင်ခဲ့ပြီး အမေရိကန်ပြည်ထောင်စုနှင့် ကုန်သွယ်ရေးသဘောတူညီချက်များရရှိရန် မိတ်ဖက်နိုင်ငံများအပေါ် ဖိအားများ တိုးလာပြီးနောက် အမေရိကန်ဒေါ်လာသည် ယူရိုနှင့် ယန်းငွေအပေါ် ရရှိထားသောအားသာချက်များ လျော့ကျသွားခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

မျှော်မှန်းထားသည်ထက် ပိုမိုခိုင်မာသော အမေရိကန် အလုပ်အကိုင်ဆိုင်ရာ အချက်အလက်များ ထွက်ပေါ်လာပြီးနောက် ပြည်ထောင်စုဗဟိုဘဏ်၏ ဖြစ်နိုင်ခြေရှိသော အတိုးနှုန်းလျှော့ချမည့်အချိန်ကို နောက်သို့ ရွှေ့လိုက်သောကြောင့် ဒေါ်လာတန်ဖိုးယမန်နေ့က မြင့်တက်ခဲ့သည်။

အဓိက ငွေကြေးများနှင့် ယှဉ်လျှင် ဒေါ်လာတန်ဖိုးကို ခြေရာခံသော ဒေါ်လာအညွှန်းကိန်းသည် နှစ်ပတ်ဆက်တိုက် အပတ်စဉ်ကျဆင်းမှုသို့ ဦးတည်နေသည်။

ရီပတ်ဘလစ်ကန်များ ထိန်းချုပ်ထားသော အောက်လွှတ်တော်သည် နိုင်ငံ၏ အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၂ ထရီလီယံကြွေးမြီသို့ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ ထရီလီယံ ထပ်ပေါင်းထည့်မည်ဟု ခန့်မှန်းထားသော ထရမ့်၏ "ကြီးမားလှပသော ဥပဒေကြမ်း" ဟု ခေါ်သည့် အသုံးစရိတ်နှင့် အခွန်လျှော့ချရေး ဥပဒေကြမ်းကို မဲအနည်းငယ်အသာဖြင့် အတည်ပြုခဲ့သည်။

ထရမ့်သည် ဇူလိုင် ၄ ရက်တွင် အဆိုပါဥပဒေကြမ်းကို လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ပြဋ္ဌာန်းမည်ဟု မျှော်မှန်းရကြောင်း သိရသည်။ Mon



# မြန်မာအမျိုးသမီးများဂုဏ်ရည်

မိုးထက်ကို(အမရပူရ)

၃-၇-၂၀၂၅ စာမျက်နှာ-၁၇ မှအဆက်

မြန်မာအမျိုးသမီးများသည် အမျိုးဘာသာ၊ သာသနာ၊ ပညာပြန့်ပွားရေးအတွက် ဝံသာနုအသင်းများ တည်ထောင်၍ စည်းရုံးလှုပ်ရှားခဲ့ကြ၏။ မြန်မာကုမ္ဘာရီအသင်းများမည်သော မြန်မာအမျိုးသမီးများအသင်း၊ ကလျာဏယုဝကုမ္ဘာရီအသင်း၊ သုဓမ္မစာရီကုမ္ဘာရီအသင်း၊ ဓမ္မစာရီကုမ္ဘာရီအသင်းတို့သည် အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ဝံသာနုရက္ခိတတရားလက်ကိုင်ထား၍ ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြ၏။

မြန်မာနိုင်ငံ သမိုင်းတစ်လျှောက်ကို ပြန်လည်ကြည့်မည်ဆိုလျှင် နိုင်ငံနှင့်လူမျိုးအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးဘာသာ သာသနာကို ကာကွယ်စောင့်ရှောက်ရေး၊ မြန်မာ့ယဉ်ကျေးမှု ထွန်းကားရေး၊ မြန်မာ့လူမှုဘဝမြင့်မားတိုးတက်ရေးတို့တွင် မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ အမျိုးသားများနှင့် ရင်ပေါင်တန်းပြီး အမျိုးသားရေးတာဝန်များကို စွမ်းစွမ်းတမံ လွတ်လပ်တက်ကြွစွာ ပါဝင်ထမ်းဆောင်ခဲ့သော အစဉ်အလာကောင်းများ ရှိခဲ့ပါသည်။

ယနေ့မျက်မှောက်ခေတ် မြန်မာအမျိုးသမီးများသည် ရှေးယခင်က မြန်မာအမျိုးသမီးများ မမျှော်မှန်းဝံ့သော အထူးကုဆရာဝန်များ၊ အမျိုးသမီးအင်ဂျင်နီယာများ၊ ဥပဒေပညာရှင်များ၊ ဓာတုဗေဒ၊ ရုက္ခဗေဒပညာရှင်များ၊ စီးပွားရေးစွမ်းဆောင်ရှင်များ၊ ကုမ္ပဏီလုပ်ငန်းရှင်များ စသည့်နယ်ပယ်အသီးသီးတွင် နေရာယူကာ လုပ်ဆောင်နေကြပါပြီ။ အမျိုးဂုဏ်တက်အောင် ရွက်ဆောင်နေကြပါပြီ။

ထိုသို့ မြန်မာအမျိုးသမီးများသည် ဘာသာရေး၊ အမျိုးသားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စာပေ၊ ဂီတအနုပညာစသည့်ကဏ္ဍအသီးသီး၌ မော်ကွန်းအတင်ခံရသည့် မြန်မာအမျိုးသမီးများဖြစ်အောင် မျိုးဆက်သစ်လူငယ်အမျိုးသမီးများက အားကြိုးမာန်တက် ဆက်လက်လုပ်ဆောင်ကြရပါမည်။

မြန်မာအမျိုးသမီးများသည် မြတ်ဗုဒ္ဓ၏ တရားဓမ္မများ ပွားများအားထုတ်ခြင်း၊ ဘာသာရေးအဆုံးအမများကို လိုက်နာကျင့်သုံးခြင်း၊ ကိုယ့်ပြည်၊ ကိုယ့်မြေဘိုးဘွားအမွေအနှစ်ကို ချစ်မြတ်နိုးခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မိရိုးဖလာဓလေ့ထုံးတမ်းအစဉ်အလာများကို ထိန်းသိမ်းခြင်း၊ ကိုယ့်ကျင့်သိက္ခာများ စောင့်စည်းခြင်း၊ လူ့ကျင့်ဝတ်များကို တန်ဖိုးထားလေးစားခြင်း စသည်တို့ကို တစ်ဦးချင်းစီ မိမိကိုယ်တိုင် အသိဉာဏ်ပညာဖြင့် လိုက်နာကျင့်သုံးထိန်းသိမ်းစောင့်ရှောက်ကြရပါမည်။

မြန်မာအမျိုးသမီးများသည် မိဘအတွက်၊ သမီးကောင်းများ၊ ခင်ပွန်းအတွက် ဇနီးကောင်းများ၊ သားသမီးအတွက် မိခင်ကောင်းများ၊ အမျိုးအနွယ်အတွက် အမျိုးကောင်း အမျိုးသမီးများ၊ နိုင်ငံအတွက် နိုင်ငံ့သမီးကောင်းများဖြစ်ကြစေချင်ပါသည်။

မြန်မာမှန်လျှင် မြန်မာနိုင်ငံကို ချစ်မြတ်နိုးကြရပါမည်။ မြန်မာ့သမိုင်းကို ထဲထဲဝင်ဝင် သိနားလည်ကြရပါမည်။

ဇူလိုင် (၃)ရက်သည် **'မြန်မာအမျိုးသမီးများနေ့'**ဖြစ်ပါသည်။ မြန်မာ့သမိုင်းတစ်လျှောက်တွင် ခေတ်အဆက်ဆက်အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်မားမှု၊ မျိုးချစ်စိတ်ဓာတ်ထက်သန်မှုနှင့် နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှု အခန်းကဏ္ဍအသီးသီးတွင် အားသွန်ခွန်စိုက်၊ အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ကြပါသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ ခုနှစ်၊ ဇူလိုင် ၃ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ မြန်မာနိုင်ငံအမျိုးသမီးရေးရာကော်မတီ စတင်ဖွဲ့စည်းခဲ့သည့် ဇူလိုင် ၃ ရက်ကို မြန်မာနိုင်ငံအမျိုးသမီးများနေ့အဖြစ် သတ်မှတ်၍ ဂုဏ်ပြုအခမ်းအနားများ နှစ်စဉ်နှစ်တိုင်း ကျင်းပခဲ့ကြပါသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးသည် အမျိုးသမီးများ၏ စုစည်းမှု၊ အမျိုးသမီးများ၏ စည်းလုံးမှု၊ အမျိုးသမီးများ၏ စွမ်းအား၊ အမျိုးသမီးများ၏ ခွန်အားများဖြစ်ပါသည်။ မြန်မာအမျိုးသမီးထုကြီး၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့်လူမှုဘဝလုံခြုံရေးတို့ကို အားကြိုးမာန်တက် စဉ်ဆက်မပြတ် အကောင်အထည်ဖော်ကာ ဆောင်ရွက်လျက်ရှိပါသည်။ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြှင့်တင်ခြင်းဖြင့် ဇာတိသွေးဇာတိမာန်ပြည့်ဝသော မျိုးဆက်သစ် အမျိုးသမီးငယ်များကို ပြုစုပျိုးထောင်ပေးလျက်ရှိပါသည်။

ခေတ်အဆက်ဆက် မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်များမှာ မြန်မာ့သမိုင်းတွင် အထင်အရှား၊ အထင်ကရမှတ်တမ်းများစွာရှိပါသည်။ မြန်မာ့လူ့ဘောင်တွင်း နိုင်ငံရေးလောက၊ စီးပွားရေးလောက၊ ပညာရေးလောက၊ အားကစားလောက၊ စာပေဂီတရုပ်ရှင်၊ သဘင်အနုပညာလောကအစရှိသည်များတွင် ထူးချွန်၊ ထက်မြက်၊ ထင်ရှား၊ ကျော်ကြားသော မြန်မာအမျိုးသမီးများ မြောက်မြားစွာ ပေါ်ထွန်းခဲ့ပါသည်။

အချုပ်အားဖြင့်ဆိုရပါလျှင် မြန်မာအမျိုးသမီးများသည်'စောင့်လေမျိုးနွယ်'ဟူသည့်စကားအတိုင်း ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်သာသနာ၊ ကိုယ့်ရိုးရာယဉ်ကျေးမှု၊ ကိုယ့်အမျိုးအနွယ်တို့ကို မျိုးချစ်စိတ်ဓာတ် အပြည့်အဝနှင့် အမျိုးသားရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ကာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရပါမည်။

မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးကလည်း 'ဇာတိ၊ ပုညာ၊ ဂုဏ်မာန'ကို ဆက်လက်ထိန်းသိမ်းကြစေလိုကြောင်း **'မြန်မာအမျိုးသမီးနေ့'**ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။

# ဆောင်သင့်သော သူတော်ကောင်းတရား

မြန်ဂုဏ်ဆောင်

လူ့ပတ်ဝန်းကျင်တွင် ကျင်လည်နေသမျှ မိမိပတ်ဝန်းကျင်မှာ သူယုတ်မာ၊ သူတော်ကောင်းတို့ကို တွေ့ကြ၊ မြင်ကြရသည်။ ပေါင်းသင်းကြရသည်။ မိမိက သူတို့နှင့် မပတ်သက်ချင်သော်လည်းမရ။ အလိုလိုဆက်သွယ်လာသည်။ မိမိပတ်ဝန်းကျင်သို့ သူတို့ရောက်လာကြသည်။

သူယုတ်မာ၊ သူတော်ကောင်းတို့ကို ဆက်ဆံရာတွင် မိမိ၏ စိတ်သဏ္ဍာန်ဝယ် ကိုယ်ခံသူတော်ကောင်းတရားများ ရင့်ကျက်ဖို့လိုသည်။ ပြည့်ဝဖို့လိုသည်။

သူတော်ကောင်းတရားသည် ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ၏ မိရိုးဖလာကျင့်စဉ်ဖြစ်၍ မိမိနှင့်သဟဇာတ ဖြစ်သည်။ လိုက်ဖက်သည်။ အရိုးခံစိတ်သဘောထားနူးညံ့သော မြန်မာတို့၏ ပင်ကိုစိတ်၊ ဗီဇစိတ်သည် ရေခံမြေခံကောင်း၍ ပေါက်ရောက်ရှင်သန်လွယ်သော စိတ်ကောင်းတရားပင် ဖြစ်သည်။

စိတ်ကို ပြုပြင်ရာတွင် သူတော်ကောင်းတရားဖြင့် ပြုပြင်ရသည်။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ ဩတ္တပ္ပတည်းဟူသော သူတော်ကောင်းလက်ကိုင်တောင်ဝှေး ခုနစ်ချောင်းသည် မြန်မာမှုနယ်ပယ်မှာ အစဉ်သစ်လွင်နေသည်။

(၁) သဒ္ဓါ = စိတ်စေတနာထက်သန်စွာရှိခြင်း၊ ကံ ကံ၏ အကျိုးကို ယုံကြည်ခြင်း။

(၂) သီလ = မကျိုးမပေါက် မပေါက်မကြားရအောင် လုံခြုံစွာ ထိန်းသိမ်းခြင်း။

(၃) သုတ = အကြားအမြင်များခြင်း၊ ကောင်းသော ဗဟုသုတ ရှာမှီးခြင်း။

(၄) စာဂ = စွန့်ကြဲပေးကမ်းခြင်း။

(၅) ဟိရီ = မကောင်းသောအမှု ပြုလုပ်ပြောဆိုရမှာ ရှက်ခြင်း။

(၆) ဩတ္တပ္ပ = မကောင်းသောအမှု ပြုလုပ်ပြောဆိုရမှာ ကြောက်ခြင်း။

ဤသူတော်ကောင်းတရား ကျင့်စဉ်ခုနစ်ရပ်သည် မိမိဘဝတွင် အစဉ်မီးမောင်းထိုးပေးနေသော ဆီမီးတိုင်ကဲ့သို့ အလင်းကို ပေးစွမ်းသည်။ အမှန်ကို သိစေသည်။ အကောင်းတရားများကို လမ်းပြသည်။

မိမိတို့၏ စိတ်သန္တာန်ဝယ် လောကီအလုပ်တွင် သူတော်ကောင်းတရားက လမ်းပြသည်။ လောကုတ္တရာအလုပ်စခန်းတွင်လည်း သူတော်ကောင်းတရားက မဂ်ကိစ္စ၊ ဖိုလ်ကိစ္စကို အကျိုးပြုသည်။ နိဗ္ဗာန်ခရီးသို့ တွန်းပို့သည်။

လူ့ဘဝခရီးလမ်းဝယ် သူတော်ကောင်းကျင့်စဉ်ကို ကျင့်သူချင်းက ပေါင်းဖော်၍ လွယ်ကူသည်။ လိုက်ဖက်သည်။ အဆင်ချောသည်။ တစ်ဦးတစ်ယောက်က သူတော်ကောင်းတရားကို ဖောက်ဖျက်ပါက သူတစ်ယောက်တည်းသာမက ပတ်ဝန်းကျင်ပါ သူတော်ကောင်းတရား ပျက်ပြားသူ၏ ဆိုးမွေ၊ ဆိုးဒဏ်ကို ခံစားကြရသည်။ ရေလှိုင်းပြင်ဝယ် ကျရောက်သော ခဲတစ်လုံး၏ဒဏ်ကြောင့် ပုတ်ခတ်လိုက်သော ရေလှိုင်း၊ လေလှိုင်းပမာ လူသားသည် ကောင်းမွေ၊ ဆိုးမွေကို ဝေမျှခံစားရမြဲ ဖြစ်သည်။

လောကနှင့် သံသရာ…

လောကနှင့် နိဗ္ဗာန်….

ဤဝန်းကျင်နှစ်ခုကြားဝယ် သူတော်ကောင်းတရားကို လက်ကိုင်ထားနိုင်သူချင်း ပေါင်းဖော်ပါက တရားအကျိုးအမြတ်ကို ထာဝရ ခံစားကြရသည်။ အချင်းချင်းတင်းမာရန်းကန်မှု၊ ချုပ်ချယ်လွှမ်းမိုးမှု၊ တိုးဝှေ့ဖောက်ထွက်မှုကင်းမည်။ သံသရာခရီးကြမ်းဝယ် ကြမ်းတမ်းမှု၊ ကမောက်ကမဖြစ်မှု၊ အချိုးမကျမှု၊ အဖုအထစ်များ ကင်းမည်။

**သူတော်ကောင်းတရားကို လက်ကိုင်ထားနိုင်သူချင်း ပေါင်းဖော်ပါက တရားအကျိုးအမြတ်ကို ထာဝရ ခံစားကြရသည်။ အချင်းချင်း တင်းမာရန်းကန်မှု၊ ချုပ်ချယ်လွှမ်းမိုးမှု၊ တိုးဝှေ့ဖောက်ထွက်မှု ကင်းမည်။ သံသရာခရီးကြမ်းဝယ် ကြမ်းတမ်းမှု၊ ကမောက်ကမဖြစ်မှု၊ အချိုးမကျမှု၊ အဖုအထစ်များ ကင်းမည်။**

သူတော်ကောင်းတရား ပြည့်ဝရင့်ကျက်နေသူချင်းသည် ဖြူစင်သော မေတ္တာတရား၊ ချစ်ခြင်း၊ စာနာစိတ်၊ ကိုယ်ချင်းစာတရားတို့ဖြင့် အကြင်နာတရားအစဉ်ပြည့်ဝရင့်ကျက်နေမည်။ တစ်ဦးနှင့်တစ်ဦး ဆက်ဆံရေးတွင် ဦးနှိမ်မာန်ချမှုစိတ်ဖြင့် တစ်ဖက်လူသားအားလေးစားတတ်သည်။ ကြင်နာတတ်သည်။ မှုတမှန်ကန်သောစိတ်ဖြင့် ကိုယ်ချင်းစာနာတတ်သည်။

သူတော်ကောင်းတရားကို ကျင့်ကြံလက်ကိုင်ထားသူ၊ ပွားများသူသည် လူ့လောကအခြေခံစည်းမျဉ်းသတ်မှတ်ချက်ဖြစ်သော သရဏဂုံသုံးပါးတွင် မယွင်းမဖောက်တည်မည်။ ခါးဝတ်ပုဆိုးကဲ့သို့ မြဲရမည့် ငါးပါးကံကို လုံအောင်ထိန်းသည်။ မကျိုးမပေါက်ရအောင် စုစည်းသည်။ လူ့သိက္ခာ၊ လူ့ဂုဏ်တို့ကို အရင်းအမြစ်ပမာ ပြုစုသည်။ ကိုယ်ကျင့်တရားကို ခိုင်မာဖွံ့ထွားအောင် ကြံဆောင်သည်။ လူသားဘဝတွင် လူသား၏ ကျင့်စဉ်ကို အောက်ထစ်ဆုံး အခြေခံကျကျ ထိန်းသိမ်းဖို့ လိုသည်။

ရဟန်းဝတ်မှ မဟုတ်။ လူဝတ်ကြောင်လည်း လူ့သိက္ခာဖြင့် လူသားတို့ စည်းမျဉ်း၊ စည်းကမ်းချက်များကို တစိုက်မတ်မတ် စောင့်သိဖို့ လိုပေသည်။

ယနေ့ ရုပ်ပိုင်းဘဝတိုးတက်မှုသို့ တကောက်ကောက်လိုက်၍ စိတ်ပိုင်းဘဝ အကျည်းတန်မှုကို နှလုံးသားအလှသို့ ပြုပြင်ပြောင်းလဲနိုင်ဖို့ လိုပေသည်။ လူက လူ့သိက္ခာ၊ လူ့သီလကို စောင့်သိရမည် ဖြစ်ပေသည်။

တည်မြဲမှု မရှိ၊ ပကတိ ဖောက်ပြန်တတ်သော ရုပ်ပိုင်းဘဝတိုးတက်မှုထက် အနှစ်သာရပြည့်ဝသော ဘဝအနှစ် ဘဝတန်ဖိုးရှိသည့် နှလုံးသားအလှ လှပမွေးမြူရေးသည် သူတော်ကောင်းတရားပြည့်ဝရေးပင် ဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့ လူသားအားလုံးသည် သူတော်ကောင်းတရား ခုနစ်ပါးစလုံးကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာ စောင့်ထိန်းကြမည်ဆိုပါက ယနေ့လောကကြီးသည် ငြိမ်းချမ်းရေးခေါင်းလောင်းသံ တလွင်လွင်ဖြင့် သာယာပေမည်ကား မလွဲဧကန်ပင် ဖြစ်ပေသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မြန်မာတိုင်းရင်းသားတို့သည် အရေးကြီးသည့်အခါ သွေးနီး၍ အရေးကြုံတော့ သွေးဆုံစွာ ပြည်နယ်၊ ပြည်မမခွဲခြားဘဲ တစ်သွေးတစ်သားတည်း တစ်အူထုံ့ဆင်း ဆွေမျိုးရင်း စိတ်ဓာတ်ဖြစ်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လွတ်လပ်ရေးကို အရယူနိုင်ခဲ့ကြပါသည်။ ပြည်ထောင်စုစိတ်ဓာတ်သည် အတိတ်သမိုင်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် အရင်းခံဖြစ်သကဲ့သို့ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်ရေး၏ အခြေခံအုတ်မြစ်လည်းဖြစ်ပါသည်။...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

## အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မောင်မောင်အေး အနီရောင်အဆင့် (ပြိုကျ/ဖြိုဖျက်) နိုင်ငံတော်ပိုင်ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများဖျက်သိမ်းခြင်း ဆောင်ရွက်မှုအခြေအနေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၄

အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး သည် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် အတူ ယနေ့ မွန်းလွဲပိုင်းတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နိုင်ငံတော်ပိုင်ရုံးအဆောက်အအုံများနှင့် နိုင်ငံတော်ပိုင်ဝန်ထမ်းအိမ်ရာများသို့ သွားရောက်၍ အဆောက်အအုံများ ဖြိုချဖျက်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် အဖွဲ့ဝင်များသည် ဖြိုချဖျက်သိမ်းခြင်းလုပ်ငန်းများဆောက်ရွက်လျက်ရှိသည့် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ တိုးချဲ့ လေးထပ်ဆောင်အဆောက်အအုံနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ဆက်သွယ်ရေးအဆောက်အအုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းမှုအလေးထားဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် ဗလသိဒ္ဓိရပ်ကွက်နှင့် ဉာဏသိဒ္ဓိရပ်ကွက်တို့ရှိ ဖြိုချဖျက်သိမ်းခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်ပိုင်ဝန်ထမ်းအိမ်ရာများကို ဆက်လက်ကြည့်ရှုစစ်ဆေးပြီး (ယာယီ)ဆယ်တင်ပစ္စည်းများ စနစ်တကျပြန်လည်အသုံးပြုနိုင်ရေး၊ အပျက်အစီးများကို နေရာများသတ်မှတ်၍ စနစ်တကျစွန့်ပစ်သွားနိုင်ရေး ဖျက်သိမ်းခြင်းလုပ်ငန်းစဉ်များကို သတ်မှတ်ကာလအတိုင်း ပြီးစီးအောင်ဆောင်ရွက်သွားနိုင်ရေးတို့ကိုမှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နိုင်ငံတော်ပိုင် ရုံးအဆောက်အအုံများ၊ နိုင်ငံတော်ပိုင်ဝန်ထမ်းအိမ်ရာများနှင့် လူပျို/အပျိုဆောင်များကို အဆင့် (၁) စစ်ဆေးရေးအဖွဲ့ အစည်းများဖွဲ့စည်းကာ စနစ်တကျစစ်ဆေးခဲ့ပြီး အပြာရောင်အဆင့် အဆောက်အအုံများကို ဦးစားပေးပြင်ဆင်လျက်ရှိသည်။ လိမ္မော်ရောင်အဆင့် အဆောက်အအုံများကို အဆင့် (၂) စစ်ဆေးရေးအဖွဲ့များဖြင့် အသေးစိတ်ထပ်မံစစ်ဆေးပြီး အဆင့် (၂) စစ်ဆေးမှုညွှန်ကြားချက်အတိုင်း Standard Operating Procedure – SOP နှင့်အညီ စတင်ပြင်ဆင်လျက်ရှိသည်။ အလားတူ အဓိကကျသည့် အစိတ်အပိုင်း (Structure) များ ထိခိုက်ပျက်စီးသွားသဖြင့် ဖြိုဖျက်ရမည့် အဆောက်အအုံများကိုလည်း ဖြိုဖျက်လျက်ရှိပြီး အသစ်တည်ဆောက်မည့် အဆောက်အအုံများအား ငလျင်ပြင်းအားရစ်(ချ်)တာစကေး ၈.၀ မဂ္ဂနီကျုခံနိုင်သော အဆောက်အအုံဒီဇိုင်းများ ရေးဆွဲခြင်း၊ မြေစမ်းသပ်ခြင်း(Soil Test)၊ အကွက်ချပုံစံ(Layout Plan)များ ရေးဆွဲခြင်းများ ဆောင်ရွက်လျက်ရှိပြီး မကြာမီအဆောက်အအုံအသစ်များ စတင်ဆောက်လုပ်ရန် စီစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။





သတင်းစဉ်

## AFF Shopee Cup 2025-26 ခြေစစ်ပွဲတွင် မြန်မာနေရှင်နယ်လိဂ်ချန်ပီယံ ရှမ်းယူနိုက်တက်အသင်း လာအိုကလပ် EZRA FC အသင်းနှင့် ယှဉ်ပြိုင်ရမည်

မြန်မာနေရှင်နယ်လိဂ်ချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် အာဆီယံဘောလုံးအဖွဲ့ချုပ်(AFF)မှ ကြီးမှူးကျင်းပသော အာဆီယံကလပ်ချန်ပီယံရှစ် Shopee Cup 2025-2026 ပြိုင်ပွဲကို ခြေစစ်ပွဲအဆင့်မှ စတင်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ခြေစစ်ပွဲအဆင့်တွင် လာအိုကလပ် EZRA FC(၂၀၂၄-၂၀၂၅ လာအိုလိဂ်ဝမ်းချန်ပီယံ)အသင်းနှင့် အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့ကစားရမည်ဖြစ်သည်။

ခြေစစ်ပွဲပထမအကျော့အား လာအိုနိုင်ငံတွင် သွားရောက်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကာ ခြေစစ်ပွဲ ဒုတိယအကျော့ကို မြန်မာနိုင်ငံတွင် ကစားသွားရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် အဆိုပါခြေစစ်ပွဲအဆင့်အား ဖြတ်ကျော်နိုင်ခဲ့လျှင် ဘန်ကောက်ယူနိုက်တက်(ထိုင်း)၊ ဂျိုဟိုးဒါရုလ်းတာဇမ် (မလေးရှား)၊ နမ်ဒင်းအက်ဖ်စီ (ဗီယက်နမ်)၊ လိုင်းယွန်းစီးတီးဆေလ်လာ (စင်ကာပူ)၊ PKR Svay Rieng FC(ကမ္ဘောဒီးယား)အသင်းတို့ပါဝင်သည့် အုပ်စု(B)တွင် ကျရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်သွားရမည့် ခြေစစ်ပွဲရက်ကို ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

(NGB)

ဝ-ဝ-ဝ-ဝ

